ပြောင်ခေါင်းကြီးကျေးရွာ၊ လယ်ဝေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပြောင်ခေါင်းကြီးကျေးရွာ၊ လယ်ဝေးမြို့နယ်

ဇူလိုင်လ (၁)ရက်၊ ၂၀၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကူညီရေးဆွဲသည်

မာတိကာ

မာတိကာ ၀၁

အတိုကောက် စကားလုံးများ ၀၃

စကားချီး ၀၄

ပြောင်ခေါင်းကြီးကျေးရွာမြေပုံ၊ လယ်ဝေးမြို့နယ် ၀၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း (ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ရည်ရွယ်ချက် နှင့် လွှမ်းခြုံသက်ရောက်မှု) ၀၈

(၂) ကျေးရွာ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ ၁၁

(၃) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၈

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၄၀

(၅) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၄၄

(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၄၇

(၇) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ ၅၀

(၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ဗျူဟာ ၅၃

(၉) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၅၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၅၉

(၁၁) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာစီမံလုပ်ကိုင်နည်း ၆၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ(က) နောက်ဆက်တွဲဇယားများ

နောက်ဆက်တွဲ (က၊၁)လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးကျေးရွာ၏ ဥစ္စာဓနအဆင့်ခွဲခြားခြင်း ၆၃

နောက်ဆက်တွဲ (က၊၂)ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၆၄

နောက်ဆက်တွဲ (က၊၃)ထိခိုက်လွယ်မိသားစုများစာရင်း ၇၃

နောက်ဆက်တွဲ(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရန်လမ်းညွှန်သဘောတရားများ ၇၄

ဇယားများ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ၊ ပြောင်ခေါင်းကြီးကျေးရွာ ၊ လယ်ဝေးမြို့နယ်၊ ၁၂

ဇယား(၂) စိုက်ပျိုးမြေ၊ ၁၃

ဇယား(၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ၁၄

ဇယား(၄) ကျေးရွာလူထုတစ်ရပ်လုံးတွင် ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ၁၅

ဇယား(၅) ပြောင်ခေါင်းကြီးကျေးရွာရှိ လူထုအခြေပြုအဖွဲ့အစည်းများ၊ ၂၂

ဇယား(၆) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ၊ ၂၉

ဇယား(၇) ဈေးကွက်လက်လှမ်းမီမှုအခြေအနေ၊ ၃၀

ဇယား(၈) ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော အဖွဲ့အစည်းများ ၃၁

ဇယား(၉) ဦးစားပေးစီမံကိန်းများ ၅၀

ဇယား(၁၀) စီမံကိန်းကာလ ၅၂

ဇယား(၁၁) စီမံကိန်းဘတ်ဂျက် ၅၄

ကိုးကားစာရင်း

အပိုင်း(ခ) စီမံချက်လုပ်ငန်းဆိုင်ရာအချက်အလက်များ

စီမံချက်လုပ်ငန်းများဆိုင်ရာအချက်အလက်များ ၇၉

အတိုချုပ်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသော ဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MOAI	လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
MoLFRD	မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDC	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
VTDSC	ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့်ကျွန်ုပ်တို့ ကျေးရွာ၏ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ

အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ(၁)ရက်၊၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြောင်ခေါင်းကြီးကျေးရွာ

လယ်ဝေးမြို့နယ်

ပြောင်ခေါင်းကြီးကျေးရွာ မြေပုံ၊ လယ်ဝေးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(၁.၁) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ပြောကြားချက်များအရ ကျွန်ုပ်တို့ကျေးရွာတွင်စတင်လုပ်ဆောင်သည့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်လုပ်ဆောင်သည့် တစ်နိုင်ငံလုံးလွှမ်းခြုံသက်ရောက်နိုင်သည့် နိုင်ငံတော်၏ အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် နိုင်ငံတော်၏ အကူအညီများဖြင့် ရေးဆွဲခဲ့သော အစီအစဉ်ဖြစ်သကဲ့သို့ ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့သောအစီအစဉ်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ မျှော်မှန်းချက်ပန်းတိုင်များဖော်ထုတ် ရေးဆွဲနိုင်ရေး၊ မိသားစုများ၏ ဘဝများတိုးတက်ရေး၊ ရွာသူရွာသားတစ်ဦးချင်းစီ၏ အစွမ်းအစများတိုးတက်ရေး၊ ဆင်းရဲမှုနှင့်ထိခိုက်သက်ရောက်လွယ်မှုများလျှော့နည်းပပျောက်ရေးတို့အတွက် ဤအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထုသည် ၎င်းတို့၏အမြင်များ၊ စိတ်ကူးများဖော်ထုတ်၍ ရေးဆွဲခဲ့ကြပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် ကျေးရွာလူထုနှင့်ရွာရှိအစုအဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ပေးသည့်အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အသုံးပြုသည့်လုပ်ထုံးလုပ်နည်းများသည် ကျေးရွာလူထု၏ အောက်ပါစွမ်းရည်များ တိုးတက်လာစေပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးနှင့် စီမံအုပ်ချုပ်မှု စနစ်တိုးတက်ရေး၊ ရွာရှိအရင်းအမြစ်များကို စနစ်တကျအသုံးချနိုင်ရန် အဆင်သင့်ဖြစ်စေရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရေးစသည့် စွမ်းရည်များကို တိုးတက်လာစေမည်ဟု သိရပါသည်။

ဤအစီအစဉ်တွင်ရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများနှင့် ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ် တာကာလအပြီးတွင် ကျွန်ုပ်တို့ကျေးရွာအနေနှင့် အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက်ကျင့်သုံးရမည့် ဗျူဟာနှင့်ကျေးရွာအဆင့်တွင်ပံ့ပိုးရမည့်အစီအစဉ်နှင့် စီမံကိန်းများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ဤအစီအစဉ်မှတ်တမ်းသည်ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်လုပ်ငန်းအဖွဲ့များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုလည်း ရရှိရန်ဦးတည်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှ တို့သည်ဤအစီအစဉ်မှတ်တမ်း၏ အောက်ပါအသုံးဝင်မှုများကိုသိရှိစေရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စုအထောက်အကူပြုကော်မတီ (VTDSC)၊
- မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဦးစီးဌာနများ၊
- ခရိုင်ရုံးများ၊
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ။

ဤအစီအစဉ်သည် မြို့နယ်အဆင့်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအနေဖြင့်ကျေးရွာလူထုအတွက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများသတ်မှတ်ခြင်း၊နည်းပညာအထောက်အပံ့များပေးခြင်း၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာဝန်ဆောင်မှုများပေးခြင်းတို့ ဆောင်ရွက်ရာတွင် ကိုးကားရမည့် မူဘောင် တစ်ခု ဖြစ်ပါ မည်။

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ထိုသို့တင်ပြခြင်းဖြင့် ၎င်းအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာအတွက် မူဝါဒဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ဆိုင်ရာ အကူအညီများကို ပြင်ဆင်ဆောင်ရွက် ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာနည်းကျကျ ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း များ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများအတွက် အသုံးဝင်မှုအနေဖြင့် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ၎င်းတို့၏သုတေသနလုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုရမည့် နည်းပညာများ၊ ဆက်စပ် သုတေသနလုပ်ငန်းများနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

ဤအစီအစဉ်သည်မီဒီယာများ၊ အခြားဆက်သွယ်ရေးဌာနများနှင့် ထောက်ပံ့ရေးအဖွဲ့အစည်း များ အနေဖြင့် ဆက်သွယ်ရေးအတွက် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များ ကိုရရှိနိုင်မည်။

ဤအစီအစဉ်သည် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ အစည်း များ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေမည်။ အထူးသဖြင့် ၎င်းတို့၏ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။ ထို့ပြင် ၎င်းတို့ပံ့ပိုးလိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီကို မြို့နယ်အဆင့် တွင်ညှိနှိုင်းဆောင်ရွက်နိုင်လာပါ မည်။

(၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူ အညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအား ဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၃။စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်အချိန်ကာလ တစ်ခုအတွင်းကျွန်ုပ်တို့ ကျေးရွာက ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှသုံးသပ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပြီးလုပ်ငန်းများ ကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျွန်ုပ်တို့တွင် အခက်ခဲအဟန့်အတားများရှိသည်ကို သတိပြုပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ် တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား မြန်မြန်ဆန်ဆန်နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

(၂.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ

ကျေးရွာတွင်မိသားစု(၁၆၃)စုရှိပြီး လူဦးရေစုစုပေါင်း(၆၄၆)ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄)ဦးရှိပါသည်။ အသက်(၁၅နှစ် မှ ၆၀ နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၆၇% ရှိပြီး(၁၅)နှစ်အောက်လူဦးရေနှင့် အသက် (၆၀)နှစ်အထက်လူဦးရေ စုစုပေါင်း ၃၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။

ဇယား(၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ

အသက်အုပ်စု	အသက်အရွယ်အရ ပိုင်းခြားထားပုံ	မ	ကျား	စုစု ပေါင်း	**လူဦးရေပေါင်း၏ အချိုးအစား%**
၁ နှစ်အောက်	နို့စို့အရွယ်	၂	၅	၇	၁.၁%
၁နှစ်မှ ၅နှစ်အောက်	၅ နှစ်အောက်ကလေးငယ်	၂၃	၂၆	၄၉	၇.၆%
၅နှစ်မှ ၉နှစ်အောက်	မူလတန်းအရွယ် ကလေး	၂၄	၂၇	၅၁	၇.၉%
၁၀နှစ်မှ ၁၄ နှစ်ကြား	အလယ်တန်းအရွယ် ကလေး	၃၁	၁၉	၅၀	၇.၇%
၁၅ နှစ်မှ ၅၉နှစ်ကြား	အလုပ်လုပ်နိုင်သော အရွယ်	၂၂၇	၂၀၆	၄၃၃	၆၇.၀%
၆၀ နှစ် နှင့်အထက်	အသက်ကြီးရွယ်ကြီး	၃၆	၂၀	၅၆	၈.၇%တ
စုစုပေါင်း		**၃၄၃**	**၃၀၃**	**၆၄၆**	**၁၀၀%**

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၂.၂)အလုပ်လုပ်နိုင်သူအင်အား

အလုပ်လုပ်နိုင်သောလူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄.၈% ပိုပါသည်။အမျိုးသားအများစုမှာလုပ်ငန်းခွင်တွင်ကောင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သော်လည်း အမျိုးသမီးထုမှာမိသားစုကိစ္စရပ်များဖြင့်သာ အချိန်ကုန်ကြပါသည်။ အမျိုးသမီးငယ်အများစုမှာ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်ကြပါသည်။

ပင်မဝင်ငွေရအလုပ်	**အိမ်ထောင်စု**	**ရာခိုင်နှုန်း**	**မှတ်ချက်**
လယ်သမား	၇၈	၄၇.၉%	
စျေးလှည့်ရောင်း	၂	၁.၂%	
လက်သမား၊ပန်းရံ	၈	၄.၉%	
တက္ကစီ	၁	၀.၆%	
လက်လုပ်လက်စား	၇၄	၄၅.၄%	
ပေါင်း	**၁၆၃**	**၁၀၀%**	

(၂.၃)သဘာဝအရင်းအမြစ်အနေအထား

စိုက်ပျိုးရေးကိုအဓိကထားလုပ်ကြပြီး စိုက်ပျိုးမြေများမှာ မြေဩဇာအထိုက် အလျောက် ကောင်းပါသည်။

ရေနီချောင်း၏အထက်ပိုင်းတွင် ရေနီရေလွှဲဆည်ကို တည်ဆောက်ထားပြီး ရေနီချောင်းသည် ရွာအနီးရှိ လယ်မြေများကို ဖြတ်သန်းစီးဆင်းသွားသည်။ ရေနီချောင်းဆည်မှ ရေလွှတ်ပေးသော ဆည်မြောင်းသည် ပြောင်ခေါင်းကြီးကျေးရွာ အနီးတွင်အဖျားပိုင်းဖြစ်နေသဖြင့် ရေသွင်း စိုက်ပျိုးနိုင်မည့် ရေပမာဏမှာလည်း အလုံအလောက်မရောက်ရှိနိုင်ပါ ။ လယ်ယာမြေဧက (၄၀၁)ဧကအနက် (၈)ဧကလောက်သာ ဆည်ရေသွင်းစိုက်ပျိုးနိုင်ပြီး မိုးရေကိုသာ အဓိက အားကိုးအားထားပြုရပါ သည်။ ရေနီချောင်းမှရေကို စိုက်ပျိုးမြေများအတွက် ရေစုပ်စက်ဖြင့် စုပ်တင်ပြီးရေသွင်းစိုက်ပျိုးမှုလည်းရှိကြပါ သည်။

ဇယား(၂) စိုက်ပျိုးမြေ

စဉ်	မြေအမျိုးအစား	ပမာဏ (ဧက)	မြေအရည်အသွေး	ဆည်ရေရရှိမှု	ရေအရင်းအမြစ် ရရှိနိုင်မှု
၁	လယ်မြေ	၂၇၀	သင့်	(၈)ဧကသာ ဆည်ရေရရှိနိုင်။	ရေနီချောင်းရေလွှဲဆည်
၂	ယာမြေ	၁၃၁	သင့်	မရှိ	–
	စုစုပေါင်း	**၄၀၁**			

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၂.၃.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဓါတ်သတ္တုများမထွက်ရှိပါ ။

(၂.၄) ကျေးလက်မိသားစုများ၏ဥစ္စာဓနအခြေအနေ

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရကျွန်ုပ်တို့ ကျေးရွာလူထုသည် ယေဘုယျအားဖြင့်ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၁၆၃)စု၏ ၆၅% အထက်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၃၄% ခန့်မှာ ချောင်လည်သည်ဟုဆုံးဖြတ်ကြပါသည်။ အဆိုပါ ဆင်းရဲသည်ဟုသတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေတစ်ဧကအောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ချမ်းသာသော

မိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကအထက်ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများပိုင်ဆိုင်သောသူများဖြစ်ကြသည်။ ဥစ္စာဓနအဆင့်ခွဲခြားမှုစံနှုန်းသတ်မှတ်ချက်အသေးစိတ်အား နောက်ဆက်တွဲ(၁)၊ ဇယား(၁)တွင်ဖော်ပြထားပါသည်။

ဇယား(၃)စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေယာပိုင်ဆိုင်မှုပမာဏ	အိမ်ခြေ	စုစုပေါင်းအိမ်ထောင်စု %
၁	မြေမဲ့ယာမဲ့	၈၅	၅၂%
၂	၀-၂.၅ဧက(၁ ဟတ်တာ)	၃၁	၁၉%
၃	၂.၅-၅ဧက(၁-၂ ဟတ်တာ)	၁၉	၁၂%
၄	၅-၁၂.၅)ဧက(၂-၅ ဟတ်တာ)	၁၄	၈.၅ %
၅	(၁၂.၅)ဧကအထက်(၅ ဟတ်တာအထက်)	၁၄	၈.၅%
	စုစုပေါင်း	**၁၆၃**	**၁၀၀%**

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲမည်မျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ဇယား(၃)တွင် ကျေးရွာ အိမ်ထောင်စုများ၏ တစ်ဝက်ကျော်သည် မြေယာမဲ့များဖြစ်သည်ဟု ဖော်ပြထားပြီး ဆင်းရဲချမ်းသာအဆင့်ခွဲခြားမှုနည်းလမ်းတွင်လည်း ယေဘုယျအားဖြင့် ဆင်းရဲသည်ဟု ဖော်ပြထားပါသည်။ မြေယာပိုင်ဆိုင်သူများ၏ (၂၄%) သည် မြေယာ(၅)ဧကအောက် မြေယာအနည်းငယ် ပိုင်ဆိုင်သူများဖြစ်ကြပြီး မြေပိုင်ဆိုင်သူစုစုပေါင်း၏ (၄၀%)မှာ ဆင်းရဲသားလယ်သမားများဖြစ်ပြီး (၂.၅)ဧကအောက်ပိုင်ဆိုင်ကြပါသည်။ ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့် ဆင်းရဲမှု၊ ထိခိုက်သက်ရောက်လွယ်မှုများမှ လွတ်မြောက်စေရေးနှင့် ကျွန်ုပ်တို့၏စီးပွားရေး အနေအထား တိုးတက်ကောင်းမွန်လာစေရန်အလို့ငှာ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ရှာဖွေဖော်ထုတ်ရမည် ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံရေးအနေအထားနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းရန်အချိန်အနည်းငယ်ပေးရမည်ဖြစ်သည်။ ဆင်းရဲသောမိသားစုများသည် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရင်း မိမိတို့ဘဝရပ်တည်နိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ

နည်းလမ်းများအသုံးပြု၍ လုပ်ကိုင်စားသောက်ကြသော်လည်း မိသားစုအများစုမှာ စားနပ်ရိက္ခာမဖူလုံမှုများဖြစ်ပေါ်လျက်ရှိပါသည်။

(၂.၅) ထိခိုက်သက်ရောက်လွယ်မှု

(၂.၅.၁) ထိခိုက်သက်ရောက်လွယ်ဆုံးအိမ်ထောင်စုများ

ထိခိုက်သက်ရောက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသောမိသားစုများဖြစ်ကြသည်။ ကျေးရွာတွင် သားသမီးမိသားစုများ စောင့်ရှောက်ကူညီမှုမရှိသော ထိခိုက်သက်ရောက်လွယ်သည့် သက်ကြီးရွယ်အို (၁၃)ဦးရှိပါသည်။ နောက်ဆက်တွဲစာရင်းဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

(၂.၅.၂) ကျေးရွာလူထုအား အန္တရာယ်ဖြစ်စေနိုင်မှုအခြေအနေ

ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့်ဖြစ်နိုင်သောအန္တရာယ်အမျိုးအစားများအလိုက် အန္တရာယ်ဖြစ်စေနိုင်မှုအခြေအနေကို အောက်ပါဇယား(၄)တွင်ဖော်ပြထားပါသည်။ ဆင်းရဲသော မိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့်စီးပွားရေး ထိခိုက်မှုများဖြစ်ပေါ်လာလျှင်ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်းအားနည်းသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြသည်။

မြေဆီလွှာပျက်သုဉ်းနိုင်မှုမှာကျေးရွာ၏ထိခိုက်နိုင်မှုတစ်မျိုးဖြစ်ပါမည်။ မြေဆီလွှာထိန်းသိမ်းသော ဆောင်ရွက်မှုများ စနစ်တကျ ကျင့်သုံးမှုမရှိဘဲ လယ်မြေတွင် သီးထပ်များ စဉ်ဆက်မပြတ်စိုက်ပျိုးခြင်း၊ ယာမြေတွင် ကြံသီးနှံစိုက်ပျိုးနေခြင်းများသည် မကြာမီတွင် အန္တရာယ်ရှိလာပါမည်။

ဇယား(၄)ကျေးရွာလူထုတစ်ရပ်လုံးတွင်ဘေးအန္တရာယ်ကျရောက်နိုင်မှု

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက် နိုင်ခြေအဆင့်	မှတ်ချက်
	စီးပွားရေး		
၁	စားနပ်ရိက္ခာမဖူ	နိမ့်	မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည်

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက် နိုင်ခြေအဆင့်	မှတ်ချက်
	လုံခြင်း		စားနပ်ရိက္ခာမဖူလုံမှုကိုကြုံတွေ့ရနိုင်ပါသည်။
	ကျန်းမာရေး		
၂	ငှက်ဖျား	နိမ့်	ငှက်ဖျား ထူပြောရာဒေသ မဟုတ်သည့် အတွက် ရောဂါဖြစ်ပွားမှု မရှိသလောက် ဖြစ်ပါသည်။ ငှက်ဖျားထူပြောရာဒေသသို့ သွားရောက်ဝင်ငွေ ရှာရသူ အချို့တွင်သာ ဖြစ်ပွားမှု ရှားရှား ပါးပါး တွေ့ရပါသည်။
၃	တီဘီရောဂါ	နိမ့်	တီဘီရောဂါအကြောင်းကျန်းမာရေးဗဟုသုတ ရှိသောကြောင့်ကြိုတင်ကာကွယ်နိုင်ပြီးကူးစက် ခံရလျှင်လည်း ထိရောက်စွာ ဆေးကုသမှု ခံယူနိုင်ခြင်း၊ ဆေးကုသရာ ဌာနတို့သို့ အလှမ်း မှီခြင်း၊
၄	ခုခံအားကျဆင်း မှု ရောဂါ	နိမ့်	ခုခံအားကျဆင်းမှု ရောဂါအန္တရာယ် ထူပြော ဒေသအတွင်း အလုပ်လုပ်ခြင်းမဟုတ် သော ကြောင့်ကူးစက်မှုခံရနိုင်ခြေနည်းပြီးကာကွယ် သောနည်းလမ်းများအကြောင်း အသင့်အတင့် သိခြင်း၊
	လူမှုရေး		
၅	လူကုန်ကူးခြင်း	နိမ့်	အခြားနိုင်ငံသို့သွားရောက် အလုပ်လုပ်သူအ လွန်နည်းသဖြင့် လူကုန်ကူးခံရနိုင်ခြေ နည်း ပါသည်။
	ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်		
၆	ရေကြီးခြင်း	နိမ့်	ရေကြီးမှုဖြစ်ပွါးခြင်းမရှိသေးပါ။
၇	မိုးခေါင်ခြင်း	နိမ့်	အချို့နှစ်များတွင် မိုးခေါင်ခြင်း ကြုံတွေ့ ရလေ့ရှိပြီး သီးနှံအထွက် ထိခိုက်တတ် ပါသည်။
၈	လေပြင်းမုန်တိုင်း	နိမ့်	မုန်တိုင်းအန္တရာယ် ကြုံတွေ့ရနိုင်ခြေ နည်းပါး

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက် နိုင်ခြေအဆင့်	မှတ်ချက်
			ပြီး ပျက်စီးဆုံးရှုံးမှု မကြီးမားပါ
၁၀	မီးဘေး	နိမ့်	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၁	မြေတိုက်စားခြင်း၊ မြေဆီလွှာ ဆုတ်ယုတ်ခြင်း	မြင့်	သီးထပ်များစိုက်ပျိုးခြင်း၊ မြေဆီဩဇာ များများစားသော ကြံသီးနှံများ စိုက်ပျိုးသော်လည်း လယ်သမားများသည် မြေဆီလွှာ ပြုပြင်သော နည်းလမ်းများကိုအသုံးပြုခြင်း မရှိသေးပါ။
၁၂	သစ်တော ပြုန်းတီးခြင်း	လတ်	တဖြည်းဖြည်းပြုန်းတီးလာသည်။ ကျေးရွာ ရှိအိမ်ထောင်စုများ ချက်ပြုတ် စားသောက် ရန် ထင်းများ၊ အိမ်ဆောက်ရန် သစ်များ အလွယ် တကူမရရှိနိုင်တော့။

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၂.၅.၃) ကျေးရွာသားများအတွက် ထိခိုက်သက်ရောက်နိုင်ခြေ

ကျေးရွာသားများအတွက် အန္တရာယ်ဖြစ်နိုင်ခြေအဆင့်များကို လူအုပ်စုအမျိုး အစားအလိုက် အောက်တွင်ဖော်ပြထားပါသည်။

စဉ်	အုပ်စုအမျိုး အစား	အန္တရာယ်ဖြစ်နိုင် ခြေ အဆင့် (နိမ့်၊ လတ်၊ မြင့်)	မှတ်ချက်
၁	လူငယ်များ	လတ်	ကူးစက်ရောဂါ ကူးစက်ခံရရန်အခွင့်အ လမ်းရှိခြင်း၊ အခြားဒေသသို့ သွား ရောက်၍ အလုပ်လုပ်ရသောကြောင့် အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲရန် အခွင့်အလမ်းရှိ ခြင်း၊
၂	အမျိုးသမီး ဦးဆောင်သော	လတ်	အလုပ်အကိုင်ပုံမှန်မလုပ်ရသောအချိန် တွင် စားနပ်ရိက္ခာ မလုံလောက်မှုနှင့်

စဉ်	အုပ်စုအမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ အဆင့် (နိမ့်၊ လတ်၊ မြင့်)	မှတ်ချက်
	ဆင်းရဲသားအိမ်ထောင်စုများ		ကြုံတွေ့ရနိုင်၊
၃	မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူများ	လတ်	သဘာဝဘေးအန္တရာယ်နှင့် သီးနှံများတွင် ဖျက်ပိုးကျရောက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများ ဆိုးရွားစွာ ကျရောက်ခြင်း၊ တိရစ္ဆာန်နှင့် သီးနှံစျေးနှုန်းမတည်ငြိမ်ခြင်းတို့ ကြုံတွေ့လာသော် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်ရနိုင်သည်။
၄	ကျပန်းအလုပ်သမားများ	လတ်	အလုပ်အကိုင်ပုံမှန်မလုပ်ရသောအချိန်တွင် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့ရနိုင်၊
၅	စျေးလှည့်ရောင်းသူများ	နိမ့်	ပုံမှန်အလုပ်မလုပ်ရသော အချိန်တွင် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့ရနိုင်၊

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၃) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ (Current Development Situation)

ဤအပိုင်းတွင် ကျွန်ုပ်တို့ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအနေအထားကို ကဏ္ဍအလိုက် ဖော်ပြထားသည်။ ဤသို့ကဏ္ဍအလိုက် ကျေးရွာ၏လက်ရှိအခြေအနေကို စီစစ်သုံးသပ်ဖော်ပြခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်အ ဆင်ပြေစေပါမည်။

(၃.၁) ပြဿနာများနှင့်ဖြစ်ပွားရသည့်အကြောင်းရင်းအကျဉ်းချုပ်

ကျွန်ုပ်တို့ရင်ဆိုင်ကျော်လွှားရမည့် ဖွံ့ဖြိုးရေးဆိုင်ရာပြဿနာကိစ္စရပ်များကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဖြစ်ပေါ်ရသည့်အကြောင်းရင်း အသီးသီးကို ဖော်ထုတ်ပြီးဖြစ်နိုင်သောဖြေရှင်းနည်းများလည်းဖော်ထုတ်ခဲ့ကြပါသည်။ထိုမှတဆင့် ဆက်လက်လုပ်ဆောင်နိုင်ရန် သင့်တော်သောလုပ်ငန်းအစီအမံများကို ချမှတ်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက်အခက်အခဲပြဿနာ	ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ်
<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u>	
•အစဉ်အလာအရ ဖွဲ့စည်းခဲ့သော ဘာသာရေး၊လူမှုရေးအဖွဲ့များသာ ရှိပြီး ကျေးရွာစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက်နှင့် ဦးဆောင်မှုပြုမည့် အဖွဲ့အစည်းစနစ်မရှိသေးခြင်း၊ •ကျေးရွာတွင်းလက်ရှိ အဖွဲ့အစည်းများ အချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုစနစ်မရှိခြင်း၊	•ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊ •အဖွဲ့အစည်းဆိုင်ရာ သဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊
<u>စိုက်ပျိုးရေးကဏ္ဍ</u>	
•သီးနှံတိုးတက်ထုတ်ရန်အတွက်အကန့်အသတ်များရှိခြင်း	•ရေသွင်းစိုက်ပျိုးရန် ဆည်ရေလက်လှမ်းမမီခြင်း၊ ရေတင်စက်ဖြင့် ရေတင်ရန် အခက်ခဲရှိခြင်း ၊ •စိုက်ပျိုးရင်းနှီးစရိတ် မပြည့်စုံခြင်း၊ •သီးနှံဖျက်ပိုးများကာကွယ်နှိမ်နှင်းခြင်း၊ မြေဆီလွှာ ထိန်းသိမ်းခြင်း စသည်တို့ဆိုင်ရာ နည်းပညာများရရှိရန် ပြည့်စုံသည့် ဝန်ဆောင်မှုများအား လက်လှမ်းမမီခြင်း၊ •ငွေကြေးအရင်းအနှီး မပြည့်စုံခြင်း၊
<u>မွေးမြူရေးကဏ္ဍ</u>	
• မိသားစုဝင်ငွေတိုးတက် ရေးအတွက် မွေးမြူရေး လုပ်ငန်းကို တိုးတက်မဆောင်ရွက်နိုင်ခြင်း	•ငွေကြေးချို့တဲ့မပြည့်စုံခြင်း၊ •သင့်တော်သော မွေးမြူရေး ဝန်ဆောင်မှုမရရှိခြင်း •မွေးမြူရေးနည်းပညာ နှင့် စီမံခန့်ခွဲမှု

ကျေးရွာဖွံ့ဖြိုးရေးအတွက်အခက်အခဲပြဿနာ	ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ်
	အား နည်းခြင်း၊
<u>စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များ</u> • အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် ရှိသော အခွင့်အလမ်းများကို လက်လှမ်းမီရန် စွမ်းရည်နှင့် ကျွမ်းကျင်မှုများ လိုအပ်ခြင်း၊	•အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း •ချေးငွေအလွယ်တကူမရရှိခြင်း၊
<u>ပညာရေး</u> •အဆောက်ဦးနှင့်သင်ကြားရေးဝန်ဆောင်မှု မပြည့်စုံခြင်း၊ •ပညာရေးရလာဒ်နိမ့်ကျ ခြင်း၊	•ကျောင်းဆောင်မလုံ လောက်ခြင်း၊ •ပြုပြင်ထိန်းသိမ်းမှု စနစ်မရှိခြင်း၊ •ဆရာ/မအစားထိုးခန့်အပ်မှုမရှိသေးခြင်း၊ •ကျောင်းအိမ်သာမလုံ လောက်ခြင်း၊
<u>ကျန်းမာရေး</u> •ကျန်းမာရေးအဆင့် အတန်းမပြည့်ဝခြင်း၊	•ကျေးရွာသူရွာသားများ ကျန်းမာရေး စောင့်ရှောက်မှုအားလွယ်ကူစွာလက်လှမ်းမမီခြင်း၊ •ကျန်းမာရေးအသိနှင့် အပြုအမူ အနေအထိုင်များ အားနည်းခြင်း •ရေထဲတွင် သံမာတ်ပါဝင်မှုရှိပြီး ရေအရည် အသွေး မပြည့်ဝခြင်း၊
<u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u> •အလုပ်လက်မဲ့ များခြင်း၊	•ပညာရေးအဆင့်အတန်း နိမ့်ခြင်း၊ •လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အစီစဉ်များ မရှိခြင်း၊
<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦး များ</u> •ရွာချင်းဆက်လမ်းမကောင်းခြင်း၊	•မြေသားလမ်းဖြစ်နေခြင်းကြောင့် မိုးဥတုတွင် သွားလာရန် ခက်ခဲခြင်း၊ •ချောင်း (၁) ချောင်း၊ ဆည်မြောင်း (၁) ခု၊ ရိုး (၁) ခု စသည်တို့ အပေါ်ဖြတ်သန်း

ကျေးရွာဖွံ့ဖြိုးရေးအတွက်အခက်အခဲပြဿနာ	ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ်
	သွားလာရန် တံတားများမရှိခြင်း၊ •လိုအပ်သောတံတားများဆောက်လုပ်ရန် ရန်ပုံငွေမတတ်နိုင်ခြင်း)
<u>လျှပ်စစ်မတ်အားသုံးစွဲ ရေး</u> • ရွာတွင်လျှပ်စစ်မီးမရသေးခြင်း၊	• ပင်မမတ်အားလိုင်းနှင့်(၂)ကီလိုမီတာခန့် ဝေးလံခြင်း၊ • တပ်ဆင်သုံးစွဲရန်ငွေကြေးမတတ်နိုင်ခြင်း၊

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၃.၂) ကျေးရွာဖွံ့ဖြိုးရေးနှင့်စီမံအုပ်ချုပ်မှု

(၃.၂.၁) လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်စီမံအုပ်ချုပ်မှု

ကျေးရွာတွင် အဖွဲ့(၄)ဖွဲ့ကို ဖွဲ့စည်းပြီး ကျေးရွာလူထုအကျိုးပြုလူမှုရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအဖွဲ့များမှာ လူမှုရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိဘဆရာအသင်း တို့ဖြစ်ပါသည်။

လူမှုရေးအဖွဲ့တွင်ရပ်မိရပ်ဖများ၊ အမျိုးသမီး/အမျိုးသားများနှင့် လူငယ် များပါဝင်ဖွဲ့စည်းထားပြီး လူငယ်များမှာအမြဲတက်ကြွမှုရှိကြပါသည်။ လူမှုရေးအဖွဲ့သည် ကျေးရွာအတွင်းတက်ကြွစွာဆောင်ရွက်လျက်ရှိပြီး အုပ်စုတာဝန်ကျသားဖွားဆရာမ၏ ဦးဆောင်မှုဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့(ကျန်းမာရေးအဖွဲ့)ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါသည်။ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးရေးရာ အဖွဲ့လည်းရှိပါသည်။

ပညာရေးကဏ္ဍအတွက် မိဘဆရာအသင်းကိုဖွဲ့စည်းပြီး မူလတန်း၊ အလယ်တန်းပညာရေးနှင့်ဆိုင်သောကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ဇယား(၅) ကျေးရွာရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သောလုပ်ငန်း	စတင်ဖွဲ့စည်းသည့်ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၁	ကျေးရွာလူမှုရေးအဖွဲ့အစည်း	၁၃၀	၁၂၅	၂၅၅	လူမှုရေး၊ဘာသာရေးကဏ္ဍ	ကျေးရွာသားများ
၂	အမျိုးသမီးရေးရာ	-	၈	၈	အမျိုးသမီးကဏ္ဍ	ပြင်ပမှဖွဲ့စည်းပေး
၃	မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့	-	၄	-	ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့်ကလေးကျန်းမာရေး၊	ကျေးရွာသားများ
၄	မိဘဆရာအသင်း	၉	၇	၁၆	ကျေးရွာပညာရေး	ဆရာမများ+ရွာသားများ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှ လာရောက်အကူအညီ ပေးသော အဖွဲ့အစည်းများ မရှိသေးပါ။

(၃.၂.၂) စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(Management andDevelopment Scheme)

လက်ရှိတွင် ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းကို ကျယ်ပြန့်စွာဖွဲ့စည်းထားရှိပြီး လုပ်ငန်းကိစ္စအလိုက် တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။ ဘုန်းကြီးကျောင်းကိစ္စ၊ နာရေးကိစ္စ၊ ဘာသာရေးပွဲလမ်းသဘင်ကိစ္စ၊ လူမှုရေးပွဲလမ်းသဘင်ကိစ္စ အစရှိသည်ဖြင့် ကိစ္စအရပ်ရပ်အတွက် ခေါင်းဆောင်တစ်ဦး၏အောက်တွင် တာဝန်ခွဲဝေ ထမ်းရွက်ကြပါသည်။ လက်ရှိလူမှုရေးအဖွဲ့အစည်းက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းမျိုးကို ဦးတည်ဆောင်ရွက်ခြင်းမရှိသေးသော်လည်း စာသင်ကျောင်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေတုံကင်တူးဖော်ရေးစသော လုပ်ငန်းအချို့၌ ဝိုင်းဝန်းဆောင်ရွက်တတ်ကြပါသည်။လူမှုရေးအဖွဲ့အစည်းတစ်ခုတည်းအောက်တွင်လုပ်ငန်းများကို တာဝန်ခွဲဆောင်ရွက်တတ်သော သဘောတရားနှင့် ရင်းနှီးပြီးသား ဖြစ်သည့်အလျောက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းပြီး ဆပ်ကော်မတီများဖြင့် တာဝန်ခွဲဝေဖွဲ့စည်း ဆောင်ရွက်ရန်လည်း အဆင်သင့်ဖြစ်ကြပါသည်။

(၃.၂.၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာ၏အခြေအနေကို ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်ပါဝင်ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲပြုလုပ်စဉ်ကာလအတွင်း ပါဝင်တက်ရောက်သူများသည် ကျေးရွာအတွင်းရှိ အစုအဖွဲ့များညီညီညွတ်ညွတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဤသို့ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ထိထိရောက်ရောက် အစီအစဉ်တကျဖြစ်ထွန်းမည်ကို ခံစားသိရှိလာကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဖွံ့ဖြိုးရေးအစီအစဉ်ကျွမ်းကျင်သူအဖွဲ့၏ ရှင်းလင်းပြောကြားချက်များအပေါ် အခြေခံပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည်လုပ်ငန်း ကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသော ဆပ်ကော်မီတီများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကျေးရွာ အရင်းအမြစ်များအား စီမံခန့်ခွဲခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ကူညီပံ့ပိုးပေးပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပုံမှန်အစည်းအဝေးပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များတိုင်ပင်ဆွေးနွေးကြပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်းအချက်အလက်များပြုစုခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ထပ်မံကောက်ယူခြင်းတို့လုပ်ဆောင်ကြပါမည်။

(၃.၃)စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(၃.၃.၁) စိုက်ပျိုးရေးသီးနှံ

တောင်သူ(၇၈)ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ်ဧက(၄-၅)ဧကနှုန်းပိုင်ဆိုင်ပြီးလယ်ဧက (၂၇၀)၊ ယာဧက (၁၃၁)ဧက စုစုပေါင်း (၄၀၁)ဧကရှိပါသည်။

ဆည်ရေသောက်ဧရိယာတွင် ရှိသောလယ်မြေများအနက်(၈)ဧကခန့်သာ ရေနီရေလွဲဆည်မှ သွင်းရေလုံလောက်စွာရရှိပါသည်။ ရေလွဲဆည်မှ ဆည်မြောင်းသည် ကျေးရွာအရောက်တွင် အဖျားပိုင်းဖြစ်နေသဖြင့် ဆည်မှလွှတ်ပေးသောရေသည် အလုံအလောက် မရောက်နိုင်ခြင်းဖြစ်ပါသည်။ ရေနီချောင်းမှာ လယ်ယာမြေများအနီးမှဖြတ်သန်း စီးဆင်းသွားသဖြင့် ငွေကြေးတတ်နိုင်သော တောင်သူအချို့သာ ရေစုပ်စက်အသုံးပြုကာ ရေသွင်းစိုက်ပျိုးကြပါသည်။ မြေအောက်ရေကိုထုတ်ယူ၍ စိုက်ပျိုးရေးလုပ်နိုင်သော်လည်း မည်သူမျှမစွမ်းဆောင်နိုင်ကြပါ။

အဓိကသီးနှံမှာ စပါးနှင့် မိုးနှမ်းကိုမိုးသီးနှံအဖြစ်စိုက်ပျိုးကြပြီး မြေပဲ၊ မတ်ပဲတို့ကို ဆောင်းသီးနှံအဖြစ်စိုက်ပျိုးကြပါသည်။နောက်လာမည့်မတ်ပဲစိုက်ရန်အမှီမျှော်မှန်းပြီးရက်(၁၀၀) သက်တမ်းရှိ ရေဆင်း(၁)၊ ရေဆင်း(၂)စပါးကိုစိုက်ပျိုးကြပါသည်။ တောင်သူများသည် ရေဆင်း

စိုက်ပျိုးရေးသုတေသနဌာနမှ စပါးမျိုးကောင်းမျိုးသန့်များကို တစ်တင်းလျှင် (၇၀၀၀)မှ (၁၀၀၀၀)ကျပ်ကြားပေးကာ သွားရောက်ဝယ်ယူစိုက်ပျိုးကြပါသည်။ စပါးအထွက်မှာ တစ်ဧကလျှင်နှစ်စဉ် ပျမ်းမျှတင်း(၇၀) ဝန်းကျင် ထွက်ရှိပါသည်။

မိုးစပါးအပြီးကျန်ရှိသော မြေအစိုဓာတ်ကိုအသုံးပြု၍ မတ်ပဲကို စိုက်ပျိုးပါသည်။ ပုံမှန်အားဖြင့်တစ်ဧကလျှင် မတ်ပဲ(၁၅)တင်း ထွက်ရှိပါသည်။ မိုးနှမ်းမှာတစ်ဧကလျှင် (၁၀)တင်း၊ မိုးမြေပဲမှာတစ်ဧကလျှင် (၃၀)တင်း၊ ကြံတစ်ဧကလျှင် (၄၀)တန် ဝန်းကျင်ထွက်ရှိပါသည်။ ဤဒေသတွင်စိုက်ပျိုးရေး ဆေးကုမ္ပဏီများစွာရှိသော်လည်း တောင်သူများ ဘက်စုံပိုးမွှားကာကွယ်ထိန်းချုပ်ရေးနည်းစနစ် အသုံးပြုနိုင်ရန် အသိပညာဖြန့်ဝေပေးခြင်းထက် မိမိတို့ကုမ္ပဏီဆေးရောင်းရရေးကိုသာ ဦးစားပေးလုပ်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ

ကျေးရွာတွင်းရှိလယ်သမားများ၏ကိုယ်ပိုင်လယ်ယာသုံးပစ္စည်းများမှာ-

(က) လက်တွန်းထွန်စက် (၄)စီး၊

(ခ) ခြွေလှေ့စက် (၃)လုံး၊

(ဂ) ရေစုပ်စက် (၁၁)လုံးတို့ဖြစ်ကြပါသည်။

ခြွေလှေ့စက်များကိုတောင်သူများစွာဌားရမ်း အသုံးပြုလေ့ရှိကြပါသည်။ ခြွေလှေ့စက်များကို ငှါးရမ်းခအဖြစ် ရိတ်ပြီးသားကောက်ပင်ကို ခြွေလည့်ရာတွင် စပါးတစ်တောင်းထွက်ရှိလျှင် (၂၅၀)ကျပ်နှုန်းဖြင့် ငှါးရမ်းနိုင်ပါသည်။ လက်တွန်းထွန်စက်ကို လက်ဝယ်ပိုင်ဆိုင်သည့် တောင်သူများသာ အသုံးပြုကြပြီး ကျန်တောင်သူအများစုမှာ ခိုင်းကျွဲ၊ခိုင်းနွားများကို အသုံးပြုကြပါသည်။ ရေစုပ်စက်ဌားရမ်းလျှင် (၄)လက်မရေထွက်ပိုက်အတွက် တစ်နာရီလျှင် (၃၀၀၀) ကျပ်ပေးရပါသည်။

သီးနှံတိုးတက်ထုတ်လုပ်ရေးအတွက် အခွင့်အလမ်းများ

စဉ်	အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
၁	စိုက်ပျိုးမြေ	စိုက်ပျိုးမြေ အနည်းငယ်ကို တိုးချဲ့နိုင်ပြီး ယာသီးနှံများစိုက်ပျိုးနိုင်ပါမည်။
၂	ရေရရှိမှု	ရေနီချောင်းသည် ကျေးရွာလယ်ယာမြေအနားမှ ဖြတ်သန်းစီးဆင်းသဖြင့် ရေစုပ်စက်ဖြင့် ရေစုပ်တင်ကာ ရေသွင်းစိုက်ပျိုးနိုင်ပါသည်။

စဉ်	အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
၃	လယ်ယာသုံးအပိုပစ္စည်း သွင်းအားစု	သာဝတ္ထိနှင့်လယ်ဝေးတို့တွင် အလွယ်တကူ ဝယ်ယူနိုင်သည်။
၄	ဝန်ဆောင်မှုစျေးကွက်	စိုက်ပျိုးရေးဆေး ကုမ္ပဏီမှ တစ်ချို့သော ဝန်ဆောင်မှုများ ရရှိနိုင်သည်။
၅	စိုက်ပျိုးရေးထုတ်ကုန်နှင့် ကုန်စည်ရောင်းဝယ်မှု	ပွဲစားထံ အလွယ်တကူ ရောင်းချနိုင်(သို့) သာဝတ္ထိနှင့်လယ်ဝေးတို့ သို့သွားရောက် ရောင်းချနိုင်သည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

တောင်သူဦးကြီးများအနေဖြင့် သဘာဝမြေဆွေး၊ မြေဩဇာနှင့်တမာကဲ့သို့သော သဘာဝ ပိုးသတ်ဆေးများကိုအသုံးပြုရန် အသိပညာများတိုးပွားစေခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်ရန် ဆောင်ရွက်ကြရပါမည်။

နွေရာသီတွင်ရေသွင်းစိုက်ပျိုးရေးစနစ်ကိုအသုံးချပြီးသုံးသီးစားစနစ်ကိုအကောင်အထည် ဖော်ရန် တောင်သူများအနေဖြင့် စိတ်အားထက်သန်ကြပါသည်။ လက်ရှိအနေဖြင့် စပါး၊မိုးနှမ်း၊ မတ်ပဲနှင့်မြေပဲကိုသာအဓိကထားစိုက်ပျိုးကြပြီး အကယ်၍မတ်လအကုန်တွင် စိုက်ပျိုးရေသာ ရရှိပါ က သုံးသီးစိုက်နိုင်ကြပါမည်။

အခက်အခဲပြဿနာများ

လယ်သမားများအဓိကရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများမှာ-

စဉ်	ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	ချေးငွေရရှိနိုင်မှု	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူတချို့ ချေးငွေရရှိနိုင်ကြသော်လည်းတချို့မှာ လိုအပ်သော အထောက်အထား ပုံစံ(၇) မရှိ၍ချေးငွေမရရှိနိုင်ကြပါ။
၂	သွင်းအားစုများ သုံးစွဲနိုင်မှု	လိုအပ်သောသွင်းအားစုများကို လိုအပ်သလောက် အချိန်မီမြှုပ်နှံရန် လယ်သမားများတွင် အရင်းအနှီး မရှိ၊

စဉ်	ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
၄	ကျွမ်းကျင်လုပ်သားရှားပါးမှု	အလုပ်သမားများလယ်ယာလုပ်ငန်းထက်ဝင်ငွေပိုမိုကောင်းမွန်သော အလုပ်များရှိရာနေရာများသို့ သွားရောက်လုပ်ကိုင်ကြခြင်း၊
၅	စိုက်ပျိုးရေရရှိမှု	ရေနီချောင်းမှရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်ရန် ရေစုပ်စက်များအသုံးပြုပြီး ရေတင်နိုင်ရန်နှင့် ဆည်မြောင်းဦးစီးဌာနနှင့် တိုင်ပင်ဆွေးနွေး၍ ရေနီရေလွှဲဆည်မှသွင်းရေရရှိအောင်ဆောင်ရွက်ရန် လိုအပ်ခြင်း၊
၆	မိုးရေချိန်မလုံလောက်မှု	တစ်ချို့နှစ်များတွင်မိုးခေါင်ပါသည်။
၇	ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	မတ်ပဲတွင်ကျရောက်တတ်ပြီး တောင်သူများတွင် သီးနှံကာကွယ်ရေးနှင့်ဆိုင်သော အသိပညာ နည်းပါးခြင်း၊
၈	နည်းပညာရရှိနိုင်မှု	သက်ဆိုင်ရာဦးစီးဌာနမှဝန်ထမ်းတချို့၊ စိုက်ပျိုးရေးဆေးကုမ္ပဏီအချို့မှ ဝန်ထမ်းတချို့ ရောက်ရှိသော်လည်း လုံလောက်သောပံ့ပိုးမှုမရခြင်း၊
၉	ဈေးနှုန်းမတည်ငြိမ်မှု၊ ဖောင်းပွမှုကြောင့် ဈေးကွက်မငြိမ်သက်မှု	သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း၊
၁၀	အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု	ထုတ်လုပ်သူများအားအကာအကွယ်ပေးသောမူဝါဒအစိုးရတွင် မရှိသေးခြင်း၊(ဥပမာ၊ ပိုးသတ်ဆေးအတု၊ မြေဩဇာအတု ထုတ်လုပ်ရောင်းချခြင်းများကာကွယ်ပေးရန်)

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

လယ်သမားများအနေဖြင့်စိုက်ပျိုးရေးသုံးပစ္စည်းများကိုကုမ္ပဏီမှဈေးနှုန်းသက်သာစွာဖြင့် ဝယ်လိုကြသော်လည်းကြားခံအဆင့်များက အဆင့်ဆင့်အမြတ်တင်ကြသောကြောင့် တောင်သူများအနေဖြင့် ၎င်းတို့ဝယ်ယူသောစိုက်ပျိုးရေးသုံးပစ္စည်းများမှာ ဈေးနှုန်းမြင့်မားနေရခြင်း

ဖြစ်ပါသည်။ သီးနှံရောင်းချရန်နှင့်သွင်းအားစုများဝယ်ယူရာတွင် စီးပွားရေးအရတွက်ချေကိုက် စေရန်စုပေါင်းရောင်းဝယ်သည့် တက်ကြွသည့်စိတ်တူကိုယ်တူအဖွဲ့များဖွဲ့ရန်လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲတောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပုံမှန်ရရှိစေရန်အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့်တိုးချဲ့ပညာပေးရေးဌာနတို့မှ အကူအညီ ပေးနိုင်ပါသည်။

စိုက်ပျိုးရေးဌာနအနေဖြင့် သဘာဝမြေဩဇာပြုလုပ်နည်းကိုနမူနာပြုလုပ်ခဲ့သော်လည်း လယ်သမားများအနေဖြင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲလေ့မရှိကြပါ။ ကုမ္ပဏီများမှ စီးပွားဖြစ် ရောင်းချသောဓာတုမြေဩဇာများကိုသာ မှီခိုနေကြပါသည်။

တောင်သူများအနေဖြင့် သီးနှံများအစီအစဉ်တကျ စိုက်ပျိုးနိုင်ရန်နှင့် အကျိုးအမြတ်များ ပိုရနိုင်ရန်စျေးကွက်အခြေအနေခန့်မှန်းခြင်းနည်းပညာများ ရရှိလိုကြပါသည်။

(၃.၃.၂)မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂၀၁၅ ဇွန်လစစ်တမ်းအရ နွား (၁၃၃)ကောင်၊ ကျွဲ (၆)ကောင်၊ နွားမ(၄၈)ကောင်နှင့် ဝက် (၁၉၆) ကောင်မွေးမြူထားရှိပြီး ဒေသကြက်များကိုလည်း အိမ်အများစုတွင် တနိုင်တပိုင် မွေးမြူ ထားရှိကြပါ သည်။

ဝက်- ဝက်မွေးမြူရေးသည် အမြတ်အစွန်း အတော်အသင့်ရရှိသော်လည်း ဆင်းရဲသည့် အိမ်ထောင်စုများတွင် မိသားစုဝင်ငွေရရှိရေးအတွက် ဝက်မွေးမြူရန် အရင်းအနှီး လိုအပ်ချက်ရှိနေကြသည်။ (၆-၈)လမွေးရုံနှင့် စျေးကွက်သို့ တင်ပို့နိုင်ပြီးဝင်ငွေ ရရှိ နိုင်သောလုပ်ငန်းဖြစ်သော်လည်း ဝက်ကူးစက်ရောဂါအချို့ကျရောက် လာတတ်ခြင်း သည် မွေးမြူသူများအတွက် အခက်အခဲဖြစ်စေပါသည်။ သို့သော်ကာကွယ်ဆေးများကို အခါအားလျော်စွာစုပေါင်းထိုးနှံခြင်းအားဖြင့် ဝက်ရောဂါကျရောက်မှု လျော့နည်းအောင် လုပ်ဆောင်နိုင်ပါသည်။

ကျွဲ၊နွား-ကျွဲ၊နွားများမွေးမြူ၍ ဒေသတွင်းနှင့် အခြားဒေသများသို့ရောင်းချခြင်းသည်လည်း အကျိုးဖြစ်ထွန်းသောလုပ်ငန်းဖြစ်ပါသည်။ကျွဲ၊နွားသားခွဲတစ်ကောင်လျှင်(၃၀၀,၀၀၀) ကျပ်၊ ကျွဲ၊ နွားပျို တစ်ကောင်လျှင် (၅၀၀,၀၀၀)ကျပ် နှင့်အရွယ်ရောက်ပြီး ကျွဲ၊ နွား တစ်ကောင်လျှင် (၁၀)သိန်းမှ သိန်း(၁၂) ထိရရှိနိုင်ပြီး အထီးသည်အမထက် စျေးများပါသည်။

ကောက်ရိုးသည်ကျွဲ၊နွားများအတွက် အဓိကအစားအစာဖြစ်ပြီး ကျေးရွာအတွင်း တွင် ပေါများစွာရရှိနိုင်ပါသည်။အခက်အခဲမှာ ကျွဲ၊ နွားဝယ်ယူရန် အရင်းအနှီး မတတ်

နိုင်ခြင်းနှင့် ကျွန်းနားရောဂါကျရောက်တတ်ခြင်းဖြစ်ပါသည်။ ယခုအခါကျွန်းနား ကာကွယ်ဆေးများကို အလွယ်တကူ လက်လှမ်းမီကြကာ ထိုးနှံတတ်ကြပြီး ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားလုပ်ကိုင်လာကြပါသည်။

ကျေးရွာတွင်ကြက်မွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင်မွေးမြူကြပြီး ဈေးကွက်၌လည်း ဝယ်လိုအားကောင်းပါသည်။ ရာသီအလိုက် ကြက်ရောဂါများကျရောက်တတ်သဖြင့် ကြက်မွေးမြူသူတို့အတွက် အကျိုးအမြတ်မှာ ထင်သလောက်မရတတ်ချေ။ မွေးကုဋီးစီးဌာနမှ ထိရောက်သောဝန်ဆောင်မှုများနှင့် မွေးမြူရေးအသိအမြင်များ ဖြန့်ဖြူးရရှိစေခြင်းတို့ဖြင့် မွေးမြူသူတို့အတွက် အကျိုးအမြတ်ပိုစေပြီး စားနပ်ရိက္ခာ ပိုမိုဖူလုံစေပါမည်။

စဉ်	အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	ရေရရှိမှု	တိရစ္ဆာန်သောက်ရန်နှင့် အစာချက်ပြုတ်ရန် မြေအောက်ရေအလွယ်တကူရရှိနိုင်ခြင်း(ရေချို)
၂	တိရစ္ဆာန်အစားအစာ	စားကျက်မြေသီးသန့်မရှိသော်လည်း ကောက်ရိုး၊ မတ်ပဲပင်များသည်ကျွန်းများအတွက် ကောင်းမွန်သောအစာများဖြစ်ပြီး ဖွဲနုနှင့်ဆန်ကွဲသည် ဝက်များအတွက် အဓိကအစားအစာဖြစ်၍ ပေါများစွာရရှိနိုင်ခြင်း၊
၃	မွေးမြူရေးတိရစ္ဆာန်မျိုး	ဒေသတတိုက်တွင် ရနိုင်ပါသည်။
၄	သွင်းအားစုဈေးကွက်	တိရစ္ဆာန်အတွက်လိုအပ်သောဆေး/အစာများကို လယ်ဝေး၊ သာဝတ္ထိတွင်ရရှိနိုင်ပါသည်။
၅	ဝန်ဆောင်မှုဆိုင်ရာဈေးကွက်	လယ်ဝေးမွေး/ကုဋီးစီးဌာန၊
၅	ထုတ်ကုန်ဈေးကွက်	ပွဲစားထံ အလွယ်တကူ ရောင်းချနိုင်ခြင်း(သို့) လယ်ဝေး၊ သာဝတ္ထိသို့ သွားရောက် ရောင်းချနိုင်ပါသည်။
၆	အိမ်ခြံဝင်းကျယ်ဝန်းမှု	အိမ်ခြံဝင်းများအတော်အသင့် ကျယ်ဝန်းသဖြင့် တနိုင်တပိုင်မွေးမြူရေးအတွက် အဆင်ပြေပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်း အချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

စဉ်	အခက်အခဲနှင့် ပြဿနာများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	အရင်းအနှီးမရှိခြင်း	သက်သာသောအတိုးနှုန်းဖြင့်ထုတ်ချေးသော ချေးငွေ စနစ်မရှိခြင်း၊
၂	ကူးစက်ရောဂါကျရောက် တတ်ခြင်း	ဒေသကြက် မွေးမြူရာတွင် လည်လိမ်ရောဂါ ကျရောက်ပြီး ဆုံးရှုံးမှုများပြားတတ်သည်။ ဝက် ကူးစက်ရောဂါတခြို့လည်းဝက်မွေးမြူရေးကိုဟန့်တား စေပါသည်။ တိရစ္ဆာန်ကျန်းမာရေး အသိပညာ နည်းပါးခြင်း နှင့်ကာကွယ်ဆေးပြည့်မီစွာ မထိုးနှံ ခြင်းကြောင့် ဖြစ်ပါသည်။
၃	မွေးမြူရေးနည်းပညာ	မွေးမြူရေးအသိ ပညာဗဟုသုတ အားနည်းခြင်း ကြောင့်ရွာသားများမွေးမြူရေး အသိပညာသင်တန်း များရရှိပါကမွေးမြူရေးမှဝင်ငွေတိုးတက်စေ ပါမည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၃.၃.၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

တောင်သူလယ်သမားများ၊ အမျိုးသမီးများ၊ မြေမဲ့ယာမဲ့နှင့်ရာသီအလိုက်စိုက်ပျိုးရေး အလုပ်သမားများသည် အောက်တွင်ဖော်ပြထားသော အလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင် ကြပါသည်။

ဇယား(၆)စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	ကျေးလက်ဒေသထုတ်ကုန်	အိမ်ခြေအရေ အတွက်	ဈေးကွက်အလားအလာ (နိမ့်၊ မြင့်၊ သင့်)
၁	ပန်းရံ	၃	သင့်
	လက်သမား	၅	သင့်
၂	ကုန်စုံဆိုင်(လက်လီအရောင်းဆိုင်)	၁၂	သင့်
၃	ပုံကျဈေးသည်	၂	နိမ့်
၄	သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု	၁	နိမ့်၊ သုံးဘီးဆိုင်ကယ်(၁)စီး၊

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများအတွက် အလားအလာ၊ အခက်အခဲနှင့် အဟန့်အတားများကို အောက်ပါဇယားဖြင့်ဖော်ပြထားသည်။

အခွင့်အလမ်းများ	**အခက်အခဲ၊ အဟန့်အတားများ**
လုပ်သားအင်အားအများအပြားရှိခြင်း၊	သက်မွေးဝမ်းကျောင်းသင်တန်းများမရရှိခြင်း၊ ရွာအနီးတဝိုက်တွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးအဆင့် အတန်း မပြည့်မီခြင်း၊
လယ်ဝေး၊ ပျဉ်းမနားဈေးတို့ တည်ရှိခြင်း	ကျေးရွာဘေးနားတွင် ရေနီချောင်းဖြတ်သန်းစီးဆင်းနေပြီး ချောင်းကူးတံတားမရှိသေးသဖြင့် သယ်ယူပို့ဆောင်ရေးမှာ အကန့်အသတ်ရှိခြင်း၊
လက်လီ၊လက္ကားရောင်းဝယ်ရေး	ချေးငွေရရှိရာ အခက်အခဲရှိခြင်း၊
ပျဉ်းမနား၊ နေပြည်တော်အလုပ်ခွင်များအတွက် ကျေးရွာမှ လူငယ်လူရွယ်များကို ကျွမ်းကျင်မှုသင်တန်းများပို့ချပေးနိုင်ခြင်း၊	သက်မွေးဝမ်းကျောင်း သင်တန်းပို့ချမှုများ မရှိခြင်း၊ ဈေးကွက်နှင့်အလှမ်းဝေးခြင်း၊ မြို့ပေါ်တွင် တည်းခိုနေထိုင်ရန် နေရာမရှိခြင်း၊ လုပ်ငန်းခွင်လိုအပ်မှုသတင်းနှင့် သင့်တော်သောအလုပ်ရှင်တို့နှင့်အဆက်အစပ် နည်းခြင်း၊

(၃.၃.၄) ကုန်စည်ဈေးကွက်နှင့်ဝန်ဆောင်မှု

ကျေးရွာသည် သာဝတ္ထိနှင့် လယ်ဝေးသို့သွားရာ ကားလမ်းနှင့် (၂) ကီလိုမီတာ အကွာတွင်တည်ရှိပြီး ရေနီချောင်းကိုဖြတ်သန်းသွားရသဖြင့် မိုးရာသီအတွင်း လမ်းပန်းဆက်သွယ်ရေးမှာ အကန့်အသတ်ရှိပါသည်။ သို့သော် သာဝတ္ထိနှင့်လယ်ဝေးသို့ ခရီးမဝေးပဲ ကတ္တရာလမ်းဖောက်ထားသဖြင့် ကျေးရွာသားများအနေဖြင့် ၎င်းတို့၏ကုန်စည်ဝန်ဆောင်မှုနှင့် လုပ်သားများအတွက် လက်လှမ်းမီနိုင်ပါသည်။

အောက်ပါဇယားတွင် ဈေးကွက်လက်လှမ်းမီမှုကိုဖော်ပြထားပါသည်-

ဇယား(၇) ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

စဉ်	**ဈေးကွက်လက်လှမ်းမီမှု**	**အနီးဆုံးဈေးကွက်**	**လက်ကားဈေးကွက်**
၁	ကျေးရွာမှအကွာအဝေး (ကီလိုမီတာ)	သာဝတ္ထိ သို့(၅)ကီလိုမီတာ	လယ်ဝေးဈေးသို့(၁၂)ကီလိုမီတာ

စဉ်	ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေးကွက်	လက်ကားဈေးကွက်
၂	သယ်ယူပို့ဆောင်ရေး လမ်းကြောင်း	ကား၊ မော်တော်ဆိုင်ကယ်	ကား၊ မော်တော်ဆိုင်ကယ်
၃	ရရှိနိုင်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ	အမယ်မျိုးစုံ(အစားအစာ၊ အဝတ် အစား၊ ဆောက်လုပ်ရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ စသည် ဖြင့်)	အနီးဆုံးဈေးကွက်နှင့်အတူတူဖြစ်သည်။
၄	ဈေးအဆောက်အဦးနှင့် ဝန်ဆောင်မှု	အသင့်အတင့်ကောင်း	ကောင်းမွန်၊

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

၃.၃.၅။ ငွေကြေးကဏ္ဍနှင့်ဘဏ်လုပ်ငန်း

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ လက်ရှိတွင် တောင်သူများအနေဖြင့်အစိုးရ၏စီမံပံ့ပိုးမှုအောက်တွင်ရှိသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှပုံမှန်ချေးငွေများကိုရရှိပါသည်။ အသေးစားချေးငွေများကို သမဝါယမဦးစီးဌာနမှ ၂၀၁၁–၂၀၁၂ ခုနှစ်ကထုတ်ချေးပေးမှုရှိခဲ့ပြီး ကျေးရွာမှလည်း ချေးငွေများကို အကျေအလည်ပေးဆပ်ခဲ့ကြပြီးနောက်ယခုကာလတွင် သမဝါယမဦးစီးဌာနမှ ထပ်မံထုတ်ချေးခြင်းမရှိသေးပါ။ကျေးရွာတွင် ရွေထည်ပစ္စည်းဖြင့် ၃ကျပ်တိုး၊ အပေါင်ပစ္စည်းမပါဘဲ ၁၀ကျပ်တိုးဖြင့် ချေးငွေများကို ရရှိနိုင်ကြပါသည်။ ကျေးရွာသားများအတွက် ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော နေရာများမှာအောက်ပါအတိုင်းဖြစ်ပါ သည်-

ဇယား(၈) ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော အဖွဲ့အစည်းများ

စဉ်	ချေးငွေ/ရနိုင်သောနေရာ	ငွေကြေးအထောက်အပံ့	ပြန်လည်ပေးဆပ်မည့်ကာလ	အတိုးနှုန်း(တစ်နှစ်)	အပေါင်ခံပစ္စည်း	လက်လှမ်းမီမှု အနေအထား
၁	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်	ချေးငွေ	၆လ	၆%	မလို	ပုံသေစည်းမျဉ်း

စဉ်	ချေးငွေ/ ရရှိနိုင်သော နေရာ	ငွေကြေး အထောက် အပံ့	ပြန်လည်ပေး ဆပ်မည့်ကာလ	အတိုးနှုန်း (တစ်နှစ်)	အပေါင်ခံ ပစ္စည်း	လက်လှမ်း မီမှု အနေ အထား
၂	ငွေထုတ်ချေး သူ	ချေးငွေ	တိကျသော ကာလ	၃၀%	လိုအပ်	ပုံသေစည်း မျဉ်း
၃	အပေါင်ဆိုင်	ချေးငွေ	တိကျသော ကာလ	၃၀%	လိုအပ်	ပုံသေစည်း မျဉ်း
၄	မိတ်ဆွေနှင့် ဆွေမျိုးများ	ချေးငွေ	တိကျသော ကာလ	(၅-၁၀)%	မလို	အချိန်တိုင်း မရနိုင်

မှတ်ချက်။ ငွေကြေးစီးဆင်းမှုတွင် ချေးငွေ၊ အကြွေးစနစ်၊ စုဆောင်းငွေစနစ်၊ အင်္ဂါးစနစ်၊ အာမခံလုပ်ငန်းတို့ ပါဝင်ပါသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ

ရရှိသောသတင်းအချက်အလက်များ(၁-၃၊ဇွန်လ၊၂၀၁၅)၊

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ဆွေးနွေးချက်၊ မြို့နယ်အဆင့် သတင်းအချက်အလက် ရနိုင်သူများ

ဘဏ်

တောင်သူငယ်များနှင့် အလယ်အလတ်တောင်သူများအနေဖြင့် ပုဂ္ဂလိကဘဏ်များနှင့် အချိတ်အဆက်ရှိသောသူများအတွက် ချေးငွေရရှိနိုင်သကဲ့သို့ လိုအပ်သော အချက်အလက်များ ပြည့်စုံပါက လယ်ဝေးမြို့ရှိ MADB ဘဏ်မှဘဏ်ချေးငွေရရှိနိုင်ပါသည်။တောင်သူတစ်ဦးလျှင် တစ်ဧကကို(၁၀၀၀၀၀)ကျပ်နှုန်းထုတ်ချေးပေးပြီး(စပါးစိုက်ပျိုးရန်) ၊ အကြီးဆုံးတောင်သူမှာ လယ်ဧက(၁၀)ဧကပိုင်ဆိုင်ပါသည်။ ပဲစိုက်ရန်အတွက် ချေးငွေပမာဏမှာ လယ်တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်ဖြစ်ပြီး ဧကမည်မျှပင် များပြားစွာစိုက်ပျိုးနိုင်သော်လည်း ချေးငွေမှာ (၁၀၀၀၀၀)ထက်ပိုချေးခြင်းမရပါ။ တချို့တောင်သူများမှာ ပုံစံ(၆၆)မတင်ပြနိုင်၍ MADB ဘဏ်မှ သတ်မှတ်ချက်မပြည့်စုံဟု သတ်မှတ်ခံရကာ ချေးငွေ မရနိုင်သူများလည်း ရှိပါသည်။

MADB ဘဏ်၏လိုက်နာရန် အခြေအနေများကို ယခုလက်ရှိထက် ပိုမိုချိအလျော့ အတင်းပြုလုပ်ရန်လိုအပ်ပြီး တောင်သူများအား ရာသီသီးနှံများ စိုက်ပျိုးရန် အချိန်မီ ဖြည့်ဆည်း ပေးမည်ဆိုပါက ဈေးကွက်ဝင်သီးနှံများ ဈေးကောင်းရရှိနိုင်ပါသည်။ ယခုအချိန်တွင် MADB မှတစ်နှစ်အတိုးနှုန်းကို ၆%ထိ လျှော့ချပေးလိုက်သော်လည်း စိုက်စရိတ်ချေးငွေစည်းမျဉ်းများ အရတောင်သူများအနေဖြင့် သီးနှံရိတ်သိမ်းပြီး အချိန်အနည်းငယ်အထိ သိုလှောင် ရောင်းချ

နိုင်စေရန် ချေးငွေကာလကို ပိုမိုအလျော့အတင်းပြုလုပ်ရန် လိုအပ်ပါသည်။ လယ်ဝေးမြို့တွင်မြန်မာ့စီးပွားရေးဘဏ်ရှိသော်လည်း ကျေးရွာသားများရင်းနှီးကျွမ်းဝင်မှုမရှိကြပါ။

ကျေးရွာသမဝါယမအသင်း

မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့်ကျေးရွာရှိသမဝါယမအဖွဲ့အစည်းသို့ ၂၀၁၁–၂၀၁၂ ကငွေထုတ်ချေးခဲ့ပါသည်။ စိုက်ပျိုးကုန်ထုတ်သမဝါ ယမအတွက် အဖွဲ့ဝင်များအားတစ်ဦးလျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ ချေးငွေကာလမှာ(၆)လဖြစ်ပြီး အတိုးမှာတစ်နှစ်လျှင် (၈.၅%)ဖြစ်ပါသည်။ ပြန်ဆပ်ရမည့်အချိန်ရောက်သောအခါ ချေးယူထားသူများမှ အကြေအလည် ပေးဆပ်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ကျေးရွာသို့ ထပ်မံလာရောက်ပြီး ငွေထုတ်ချေးပေးခြင်းမျိုး မဆောင်ရွက်နိုင်ကြသေးပါ။

အာမခံလုပ်ငန်းဝန်ဆောင်မှု

ကျေးရွာသားများအနေဖြင့် လယ်ဝေးမြို့ရှိအာမခံလုပ်ငန်းနှင့် လက်လှမ်းမီသော်လည်း ချိတ်ဆက်ဆောင်ရွက်ရာတွင် စိတ်ဝင်စားမှုအနည်းငယ်သာရှိကြပါသည်။ ကျေးရွာမှ အာမခံထားဆောင်ရွက်သောလုပ်ငန်းမှာ မရှိသလောက်ပင်ဖြစ်ပါသည်။

(၃.၄) ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှု

(၃.၄.၁) ပညာရေးနှင့်စာတတ်မြောက်မှု

စာတတ်မြောက်မှု

သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အရေး၊အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် ဘွဲ့ရကျား(၇)ဦး၊ မ(၁၀)ဦးတို့ရှိကြပြီး ဘွဲ့ရ ကျား(၃)၊ မ(၆)ဦးတို့မှာ အလုပ်ဝင်လုပ်နေကြကာ ကျောင်းသားကျား (၆)ဦးနှင့် မ(၅)ဦး၊ စုစုပေါင်း (၁၁)ဦးတို့သည်လည်း တက္ကသိုလ်တက်ရောက်ပညာသင်ကြားနေကြပါသည်။

မူလတန်းကျောင်း

(၅-၉)နှစ်ကြားမူလတန်းကျောင်းနေအရွယ်ကလေး ကျား (၅၉)ဦး၊ မ(၅၇)ဦး၊ ပေါင်း (၁၁၆)ဦးရှိပြီး၊၎င်းကလေး များအားလုံးကျေးရွာမူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲဖွင့်လှစ်ထားပြီး အလယ်တန်းကျောင်းသား ကျား(၄၄)ဦး၊ မ(၄၀)ဦး၊ ပေါင်း (၈၄)ဦး တက်ရောက်သင်ကြားနေကြပါသည်။ အထက်တန်းကျောင်းသား ကျား(၈)ဦး၊ မ(၁၅)ဦးတို့သည်လည်း အထက်တန်းပညာကို အခြားနေရာများတွင် သင်ကြားလျက်ရှိကြပါသည်။

အောက်တွင်ဖော်ပြထားသည်များမှာကျေးရွာမူလတန်းကျောင်း၏လက်ရှိအခြေအနေများဖြစ်ပါသည်။ ကျောင်းဆောင်အနေအထားမှာ ယိုယွင်းနေပြီး ကျောင်းအိမ်သာမှာလည်း တစ်ကျောင်းလုံးအတွက် (၂)လုံးသာရှိကာ မလုံမလောက်ဖြစ်နေပါသည်။ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများသည် ကာလတိုအသုံးပြုရန်သာ သင့်တော်ပါသည်။ စာသင်ခုံများလည်း ပျက်စီးယိုယွင်းမှုများရှိနေကာ လုံလောက်မှုမရှိပါ။ ကျောင်းတွင်ဆရာနှင့် ကျောင်းသားအချိုးအစားသည် (၁:၂၉)ရှိသော်လည်း လစ်လပ်ပန်ထမ်းအတွက် အစားထိုးမခန့်နိုင်သေးခြင်း၊ အလယ်တန်းအဆင့်တွင် ဘာသာရပ်အလိုက်ပြသမည့် ကျောင်းဆရာမလုံလောက်ခြင်းတို့ရှိနေပါသည်။ မူလတန်းကျောင်းသားများအတွက် ကျောင်းဖွင့်ရာသီတွင် ပုံနှိပ်စာအုပ်ပုံပိုးမှုရှိသော်လည်း ကျောင်းသုံးဗလာစာအုပ်များကိုမူ ပြင်ပမှ ဝယ်ယူသုံးစွဲရပါသည်။ မိဘဆရာအသင်းမှာ ပညာရေးမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်ပါသည်။

စဉ်	အသုံးအဆောင်/အထောက်အပံ့	မူလတန်းဆောင်
၁	ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာအတွင်း
၂	အရွယ်အစား(အလျား×အနံ×အမြင့်)	၇၀ ပေ× ၄၀ ပေ နှစ်ထပ်တစ်ဆောင်၊ ၇၀ ပေ× ၃၀ ပေ တစ်ထပ်နှစ်ဆောင်။
၃	အမိုး၊ အကာ၊ အခင်းအမျိုးအစား	သွပ်မိုး၊ အုတ်ထရံကာ၊ ကွန်ကရစ်ခင်းတစ်ဆောင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ဆောင်၊ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းတစ်ဆောင်၊
၄	ပရိဘောဂပစ္စည်း(လုံလောက်/မလုံလောက်)	စာသင်ခုံလည်းမလုံလောက်၊
၅	ဆရာအရေအတွက်	ဆရာမ (၇)ဦး၊

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ

ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၃.၅) ကျန်းမာရေးနှင့် အာဟာရ

အဖြစ်များသောရောဂါများ

ကျန်းမာရေးပြဿနာကြီးကြီးမားမားမရှိကြပါ။ သာမန်အအေးမိ၊ နှာစေး ချောင်းဆိုးခြင်းများ ဖြစ်ပွါးတတ်ကြပါသည်။ နီးစပ်ရာသာဝတ္ထိဆေးခန်းနှင့် လယ်ဝေးဆေးရုံတွင်လည်း ဆေးကုသမှုကောင်းစွာ ခံယူနိုင်ပါသည်။

ကျန်းမာရေးအထောက်အပံ့များ

ကျွန်ုပ်တို့၏တစ်ရွာလုံးသည် ကျေးရွာမှ ၅ကီလိုမီတာ အကွာအဝေးရှိ သာဝတ္ထိရွာမှ ကျေးလက်ဆေးပေးခန်းတွင် ဆေးကုသမှုခံယူနိုင်သကဲ့သို့ ရွာမှ (၁၂)ကီလိုမီတာအကွာအဝေးရှိ လယ်ဝေးမှ ဆေးရုံနှင့်ဆေးဆိုင်များတွင်လည်း လိုအပ်သောကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ ယခုအခါ သာဝတ္ထိကျေးရွာတွင် တိုက်နယ်ဆေးရုံကို ဆောက်လုပ်နေဆဲဖြစ်ပြီး မကြာမီဖွင့်လှစ်သွားရန် ရှိပါသည်။ မိမိတို့ကျေးရွာတွင်လည်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး စောင့်ရှောက်မှုကို အနီးအနားရွာများအတွက်ပါပိုမိုအထောက်အကူပြုနိုင်ပါမည်။

ထို့ပြင် ကျေးရွာသားများသည် နေပြည်တော်ရှိ ကုတင်(၁၀၀၀)ဆေးရုံတွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။ နီးစပ်ရာ ကျေးလက်ကျန်းမာရေးဌာနတွင် ဝန်ထမ်းများ ရှိသော်လည်း ကျေးရွာသားများအတွက် လုံခြုံပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု မရနိုင်ပါ။ ဆေးဆိုင်အချို့တွင် ဆေးမျိုးစုံလုံလောက်စွာရှိပြီး အအေးခန်းစနစ်ကိုအသုံးပြုပြီး ဆေးများကို သိုလှောင်ထားရှိမှု အားနည်းပါသည်။

ရေနှင့်သန့်ရှင်းရေး

တစ်ရွာလုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ သောက်ရေ၊ သုံးရေ၊ချိုးရေ တို့အတွက် အိမ်ထောင်စုအများစုတွင် ရေတုံကင်တွင်းများရှိပြီး ၁၂ လလုံး လုံလောက်စွာ ရရှိနိုင်ပါသည်။ ရေတုံကင်တွင်းများ၏အနက်ပေမှာ ၆၀ မှ ၉၀ ခန့်ဖြစ်ပြီး ရေအရည်အသွေးမှာ သံဓါတ်ပါဝင်မှုများပြားသဖြင့်ရေစစ်အိုးများပြုလုပ်သုံးစွဲကြရပါသည်။ ရေတွင်းအနက်ကို ပေ ၂၀၀ ဝန်းကျင်တူးဖော်နိုင်ပါက သံဓါတ်ပါဝင်မှုနည်းပါးသော၊ အရည်အသွေးကောင်းသော သောက်ရေကို အလုံအလောက်ရရှိနိုင်မည်ဟုယူဆပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၂၀)ခန့်မှလွဲ၍ အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှုနည်းပါးပါသည်။ အိမ်သာကျင်းများမှာမူ သဲဆန်သောမြေတွင် ဝါးယိုင်ပတ်ခွေကို အသုံးပြုမှုများပြားပြီး တစ်နှစ်တစ်ကြိမ်ခန့် ပြန်လည်တူးဖော်ပြုလုပ်ကြရပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းတွင်လည်း ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လုံလောက်သော အိမ်သာအရေအတွက်မရှိပါ။

(၃.၆) သဘာဝပတ်ဝန်းကျင်၊

သဘာဝဘေးအန္တရာယ်လျော့ချရေးအပါအဝင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု သဘာဝ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များနှင့် ပါတ်သက်၍အောက်ဖော်ပြပါ အကြောင်းအရာ (၃)မျိုးကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

(၁) မြေဆီလွှာဆုတ်ယုတ်လာခြင်း နွားချေးဆွေး၊ သစ်ဆွေးမြေဩာ၊ အသုံးမပြုဘဲ ခါတ်မြေဩာကိုအားထားအသုံးပြုခြင်း၊ ပေါင်းသတ်ဆေးများ သုံးစွဲသည့်အတွက် မြေကြီးအရည်အသွေးကျဆင်းခြင်းတို့ဖြစ်ပေါ်သည်။

(၂) အညစ်အကြေး စနစ်တကျစွန့်ပစ်ခြင်း–ပိုးသတ်ဆေးပုလင်းခွံများ၊ပလပ်စတစ်များ စသည်တို့ စနစ်တကျ စွန့်ပစ်မှုမရှိသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေပါသည်။

(၃) ခါတုပိုးသတ်ဆေးများအသုံးပြုခြင်း– စိုက်ပျိုးသီးနှံများအတွက်ခါတုပိုးသတ်ဆေး အသုံးပြုခြင်းကြောင့် စနစ်တကျမသုံးစွဲတတ်သူများနှင့် စားသုံးသူများအတွက် အသက်အန္တရာယ်ပေးမှုရှိနိုင်ပါသည်။

ကျွန်ုပ်တို့ကျေးရွာသားများသည် မြို့နယ်အဆင့်သက်ဆိုင်ရာဌာနများနှင့် လက်တွဲကာ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအစီအမံများကို သင်ယူရန်လိုပါသည်။

စဉ်	ပြဿနာ	အန္တရာယ်အဆင့်သတ်မှတ်ချက်	ဖြေရှင်းချက်/ရှင်းလင်းချက်
	သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း		
၁	မြေဆီဩာ	မြင့်မား	သီးထပ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩာ အသုံးမပြုခြင်းနှင့် ဓာတုမြေဩာအသုံးပြုခြင်း၊ ပိုးသတ်ဆေးနှင့်ပေါင်းသတ်ဆေးအသုံးပြုခြင်း၊
၂	သီးနှံဖျက်ပိုးနှင့်ရောဂါနှိမ်နင်းသော အလေ့အကျင့်များ	မြင့်မား	ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းထက် ဓာတုဆေးများအပေါ် မှီခိုလွန်းခြင်း
	ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ		
၃	မိုးခေါင်ခြင်း	အသင့်အတင့်	တချို့နှစ်များတွင် မိုးခေါင်ခြင်းကြောင့် စိုက်ပျိုး သီးနှံများ

စဉ်	ပြဿနာ	အန္တရာယ်အဆင့် သတ်မှတ်ချက်	ဖြေရှင်းချက်/ရှင်းလင်းချက်
			အထွက်လျော့ခြင်း၊ ဆုံးရှုံးခြင်း များကြုံတွေ့ရပါသည်။
၄	စွန့်ပစ်အညစ်အကြေး များအားစနစ်တကျမစွန့် ပစ်ခြင်း	မြင့်မား	ပလက်စတစ်အိတ်များ၊ ပုံးခွံများ စည်းကမ်း မဲ့အသုံးပြုစွန့်ပစ်ခြင်း

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၃.၇) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လမ်းအမျိုး အစား	အမျိုး အစား	အခြေအနေ	အသုံးပြုနိုင်မှု	ယာဉ်အမျိုး အစား
၁	ရွာမှ ကား လမ်းသို့ ချဉ်း ကပ်လမ်း	ကျောက် ခင်းလမ်း	လမ်းကြမ်း	တံတားများတည် ဆောက်ပြီးပါက တစ်နှစ်ပတ်လုံး သွားလာနိုင်ပါမည်။	ယာဉ်အား လုံးသွား နိုင်
၂	မြို့သို့သွားသည့် ကားလမ်း	ကတ္တရာ လမ်း	ကောင်း	တစ်နှစ်ပတ်လုံး	ယာဉ်အား လုံး သွားနိုင်

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်း အချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

စဉ်	အမျိုး အစား	အရွယ်အစား(အလျား× အနံ×အမြင့်)	အရေ အတွက်	အခြေ အနေ	အသုံးဝင်မှု
၁	တံတား	၁၉၇ ပေ× ၆ပေ × ၁၂ ပေ (သစ်သား)	၁	ကောင်း မွန်	တစ်နှစ်ပတ် လုံး အသုံးဝင်

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

သာဝတ္ထိနှင့်လယ်ဝေးမြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး အများအားဖြင့်မော်တော်ဆိုင်ကယ်နှင့် သွားလာကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု အချို့မှာ မော်တော်ဆိုင်ကယ်ကိုယ်စီရှိပြီး မြို့သို့သွားသောကားလမ်းကို (၂)ကီလိုမီတာခန့် ဝေးသော ကျောက်ခင်းလမ်းဖြင့် ဆက်ထားသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ပါသည်။ ရေနီချောင်းသည် ရွာအနီးမှ ကျောက်ခင်းလမ်းကို ဖြတ်သန်းစီးဆင်းနေသဖြင့် မိုးတွင်းကာလတွင် ချောင်းရေစီးကြောင့် သွားလာရေးအခက်အခဲရှိတတ်ပါသည်။ ရွာသားများအနေဖြင့် အဆိုပါချောင်းကို ရာသီမရွေးဖြတ်သန်းသွားလာနိုင်မည့် ချောင်းကူးတံတား တည်ဆောက်နိုင်ရေးကို အမှန်ပင် လိုလားတောင့်တနေကြပါသည်။

(၃.၈) လျှပ်စစ်မီးရရှိမှု

ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်းမရှိသေးပါ။ ရွာသားများအနေဖြင့် လျှပ်စစ်မီးသွယ်တန်းအသုံးလိုသော်လည်း ပင်မဓါတ်အား လိုင်းနှင့်လည်း (၂)ကီလိုမီတာခန့် ဝေးနေခြင်းနှင့် ငွေကြေးအင်အားနည်းသဖြင့် သွယ်တန်းအသုံးပြုရန် အလှမ်းဝေးနေပါသေးသည်။ မည်သို့ပင်ဆိုသော်လည်း ကျေးရွာမီးလင်းရေးကို ရွာဖွံ့ဖြိုးရေးလုပ်ငန်း ရွေးချယ်ရာတွင် ဦးစားပေးလုပ်ငန်း(၁)အဖြစ် သတ်မှတ်ထားကြကာ ကျေးရွာမီးလင်းရေးဆပ်ကော်မတီကိုလည်းဖွဲ့စည်းထားကြပြီး တတ်နိုင်သရွေ့ ဝိုင်းဝန်းကြိုးပန်းသွားကြမည် ဖြစ်ပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရှိသေးသဖြင့် ချက်ပြုတ်စားသောက်ရန် ထင်းကို ပိုမိုအသုံးပြုရခြင်းကြောင့် အိမ်သုံးစရိတ်မြင့်မားကြရပါသည်။ ယခုကာလတွင် ထင်းကိုလည်း တောထဲမှ အလွယ်တကူခုတ်ယူမရနိုင်သဖြင့် ကျေးရွာသားများအတွက် ထင်းရရှိရေးမှာလည်း ဝန်ထုတ်ဝန်ပိုးတစ်ခုဖြစ်နေပါသည်။

(၃.၉) တယ်လီဖုန်း၊ ကြေးနန်းနှင့် သတင်းအချက်အလက်ရရှိမှု

ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂျာနယ်နှင့် လက်ကိုင်ဖုန်းနှင့်ချိတ်ဆက်သော အင်တာနက်စနစ်များကို ကောင်းမွန်စွာအသုံးပြုနိုင်ကြပါသည်။

(၃.၁၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်ုပ်တို့ကျေးရွာသည် ယဉ်ကျေးမှု၊လူငယ်ဖွံ့ဖြိုးရေးနှင့်ဆိုင်သော အောက်ဖော်ပြပါ ကိစ္စရပ်များ ကို ဆောင်ရွက်ကြပါသည်-

စဉ်	ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား ဝန်ဆောင်မှု	အထောက်အပံ့၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းများ
၁	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်ပါဝင်ဆောင်ရွက်ခြင်း	ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောလုပ်ငန်းများ (ဥပမာ-ဘုန်းတော်ကြီးကျောင်းဝန်းသန့်ရှင်းရေး)
၂	လူမှုရေးလုပ်ငန်းများ	လူမှုရေးကဏ္ဍအတွက် အမာခံအင်အားအဖြစ် တက်ကြွ စွာဆောင်ရွက်ခြင်း၊
၃	ဘာသာရေးလုပ်ငန်းများ	ဘာသာ ရေးကဏ္ဍအတွက် အမာခံ အင်အား အဖြစ်တက်ကြွ စွာ ဆောင်ရွက်ခြင်း
၄	အားကစား	အားကစား အထူးသဖြင့် ဘောလုံး ကစားရာတွင် သာတူညီမျှ ပါဝင်ကြပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

ကျွန်ုပ်တို့ကျေးရွာတွင် ကွန်ပျူတာ၊ ပရိဘောဂပစ္စည်း၊ လိုအပ်သောကိရိယာ တန်ဆာပလာများနှင့် ပြည့်စုံသောလေ့လာသင်ယူရေးနေရာတစ်ခုနှင့် စာကြည့်တိုက်တို့လိုအပ်ပါသည်။

ကျေးရွာလူထုသည် ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပြီး မိန်းမပျိုများ အနေဖြင့် ဘာသာရေး၊ လူမှုရေး ပွဲတော်များတွင်ချက်ပြုတ်ရာတွင် ပါဝင်ပေးခြင်း၊ ဖိတ်စာများ ဖိတ်ပေးခြင်း၊ ဧည့်သည်များအားဧည့်ခံပေးခြင်းကဲ့သို့သော တာဝန်များကိုဆောင်ရွက်ပါသည်။ အမျိုးသားများအနေဖြင့် တေးသီချင်းများဖြင့်ဖျော်ဖြေပေးခြင်း၊ ရှင်ပြုပွဲများတွင် မောင်ရင်လောင်းများအား မြင်းပေါ်တွင်စီးနင်းရာ၌ မြင်းထိန်းအဖြစ်ဆောင်ရွက်ခြင်းများတွင် တာဝန်ယူကြပါသည်။

(၃.၁၁) လုံခြုံရေးနှင့်ပြည်သူဘေးကင်းလုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှု ကြီးကြီးမားမားမရှိပါ။ ပြည်သူလူထုမှာ ဘေးကင်းလုံခြုံကြပါသည်။ ရဲစခန်းများဖြစ်သည့် သာဝတ္ထိရဲစခန်း၊ လယ်ဝေးရဲစခန်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ရန်လွယ်ကူပါသည်။

ကျွန်ုပ်တို့သည်သဘာဝဘေးအန္တရာယ် ကြုံတင်စီမံခန့်ခွဲရေးစနစ်အချို့ကို ချမှတ်ထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို ထိခိုက်စေနိုင်သောသဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ထပ်မံ သင်တန်းများရယူရန် လိုအပ်ပါသည်။

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့် အတားများ နှင့် ကျော်လွှားရမည့် အခြေနေများ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရန်အတွက် အဓိကအချက်များမှာ ကျင့်သုံးသည့် မဟာဗျူ ဟာနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်ထည်ဖော်မည့် အစီအမံတို့ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ဒေသတွင်း တွေ့ကြုံရသောအခက်အခဲများ၊ ၎င်းအခက်အခဲများကို ဖြစ်စေသော အကြောင်းတရားများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ပေးသော အချက်များ၊ အဟန့်အတား ဖြစ်စေသောအချက်များ၊ ကျော်လွှားရမည့်အခက်အခဲများ၊ ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်း စသည်တို့ကို အပြန်ပြန်အလှန်လှန် ဆန်းစစ်ဝေဖန်ပြီး ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ကွင်းဆက်သဘောတရား(development chain)ဖြင့် ရေးဆွဲထားပါသည်။ (လုပ်ကိုင်ရ မည့် စီမံကိန်းများနှင့် လုပ်ငန်းများကိုကြောင်းကျိုးဆက်စပ် တည်ဆောက်ထားသော ဖွံ့ဖြိုးရေး ကွင်းဆက် သဘောတရားများကို ၎ယား (၂)တွင် ဖော်ပြထားပါသည်။)

ပြဿနာအခက်အခဲများနှင့် ၎င်းတို့ကိုဖြစ်စေသော အခြေခံအကြောင်းတရားများကို အခန်း(၃)တွင် ဆန်းစစ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခန်းတွင် ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေသော အကြောင်းအရာများကို အဓိကထားဖော်ပြမည်ဖြစ်ပါသည်။ ထိုအထောက်အပံ့ ဖြစ်စေသော အခြေနေကောင်းများကို ဖမ်းဆုပ်နိုင်ရန် တားဆီးနေသော အဟန့်အတားများ၊ လည်းကောင်းအတားအဆီးများအား ကျော်လွှားမည့် အစီအစဉ်များကိုလည်း ဆက်လက် ဖော်ပြ သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ဖွံ့ဖြိုးရေးအတွက် အခြေနေကောင်းများ	သုံးသပ်ဖော်ပြချက်	သတင်းအရင်း အမြစ်
၁။ သဘာဝအရင်း အမြစ်များ	ရေနီရေလွှဆည်မှ ဆည်မြောင်းသည် ကျေးရွာအနီးတွင် အဖျားပိုင်း ဖြစ်နေ သဖြင့် (၈)ဧကလောက်သာ ရေသွင်း စိုက်ပျိုးနိုင်သည်။သို့သော် ရေနီချောင်း သည်ကျေးရွာလယ်မြေများကိုဖြတ်သန်း စီးဆင်းနေသဖြင့် ချောင်းရေကို ရေစုပ်	တောင်သူ လယ် သမားအုပ်စုနှင့် ဆွေးနွေးခြင်း

	စက်ဖြင့် စုပ်တင်ကာ ရေသွင်းစိုက်ပျိုးနိုင်သည်။ကျေးရွာတွင် စိုက်ပျိုးမြေအနည်းငယ်ကိုတိုးချဲ့နိုင်သည်။ လက်ရှိလယ်ယာမြေများမှာ မြေဆီဩဇာအသင့်အတင့်ရှိပြီး ရွာနှင့် မဝေးသောနေရာ တွင် တည်ရှိသည်။	
ပထဝီအနေအထား ဆိုင်ရာ အားသာချက်	ကျေးရွာသည် အလျင်အမြန်ဖွံ့ဖြိုးနေသော နေပြည်တော်ကောင်စီ နယ်မြေတွင်တည်ရှိသည်။ ကျေးရွာထုတ်ကုန်များ၊ စိုက်ပျိုးရေး သွင်းအားစုများကို ရောင်းဝယ် ဖောက်ကား နိုင်သော သာဝတ္ထိဈေး၊လယ်ဝေးဈေး၊ ပျဉ်းမနားဈေးတို့နှင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သည်။	တောင်သူ လယ်သမားအုပ်စု နှင့် ဆွေးနွေးခြင်း
ဒေသတည်ငြိမ်အေးချမ်းမှု	ဒေသတွင် ရာဇဝတ်ပြစ်မှုဖြစ်ပွါးခြင်းအ လွန်နည်းသည်။	ရပ်မိရပ်ဖအုပ်စုနှင့် ဆွေးနွေးခြင်း
ကျေးရွာလူဦးရေ	လုပ်သားအင်အားများပြားပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် သူတို့အားကျွမ်းကျင်မှုသင်တန်း၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးနိုင်သည်။	လူငယ်အုပ်စုနှင့် ဆွေးနွေးခြင်း
ဖုန်းဆက်သွယ်ရေးအဆောက်အဦး၊ အဆောင်အယောင်များ၊	ရွာသားများသည် ဖုန်း၊ အင်တာနက် တို့သုံးစွဲရန် လက်လှမ်းမှီသည်။	ရပ်မိရပ်ဖအုပ်စုနှင့် ဆွေးနွေးခြင်း

အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့်စိန်ခေါ်မှုများ ရှိပါသည်။ အောက်တွင် ဖော်ပြမည့် အကြောင်းအရာများမှာ မြို့နယ်မှအဖွဲ့များ၊ ကျေးရွာသားများ၏ အသိပညာ

ဗဟုသုတကိုအခြေခံသည့် ယူဆချက်များကို အခြေခံဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ သတင်းအရင်း အမြစ်များမှာ–

- ကိုးကားစာရွက်စာတမ်းများ၊
- မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊
- ဒေသရှိနားလည်တတ်သိသူများနှင့်ဆွေးနွေးမှုများ၊
- ကျေးရွာရှိ ဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များ ဖြစ်သည်။

အဟန့်အတားနှင့် စိန်ခေါ်မှုများ	**သုံးသပ်ဖော်ပြချက်**	**သတင်းအရင်း အမြစ်**
သဘာဝအရင်းအမြစ်နှင့် အသုံးအဆောင်များအတွက်ကန့်သတ်မှုများ	ကျေးရွာတွင် လျှပ်စစ်မီးမရှိ၍ ချက်ပြုတ်ရန် ထင်းကို အသုံးပြုရဆဲဖြစ်သည်။ထင်းကိုအနီးဝန်းကျင်ရှိ တောတောင်များမှ ရှာဖွေခုတ်ယူကြရကာ မိသားစုသုံးအတွက် အခကြေးငွေပေးသွင်းရသည်။သောက်ရေမှာ မြေအောက်ရေဖြစ်ပြီး သံဓါတ်ပါဝင်မှုမြင့်မားသည်။ ရေတွင်းမှ ရေကို အဆင်သင့် မသောက်သုံးနိုင်ပဲ သဲရေစစ်ဖြင့် အချိန်အကုန်ခံစစ်ပြီးမှ သောက်ရသည်။	အမျိုးသမီးအုပ်စုနှင့် ဆွေးနွေးခြင်း၊ ရပ်မိရပ်ဖအဖွဲ့နှင့်ဆွေးနွေးခြင်း၊
ဆည်ရေမလုံလောက်ခြင်း	ရေနီရေလွဲဆည်မှ ဆည်မြောင်းသည် ကျေးရွာအရောက်တွင် အဖျားပိုင်းဖြစ်သဖြင့် ရေအရောက်နည်းကာ လယ်ဧက (၈)ဧက လောက်သာ ရေသွင်းနိုင်သည်။	တောင်သူအုပ်စုနှင့် ဆွေးနွေးခြင်း
နည်းပညာနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမမှီခြင်း	သက်ဆိုင်ရာဌာနများမှ နည်းပညာဝန်ဆောင်မှုများ ရနိုင်သော်လည်း ခရီးစရိတ်အခက်အခဲတို့ကြောင့် ရွာသို့ အရောက်အပေါက် နည်းကာ လက်လှမ်းမမှီဖြစ်တတ်သည်။ စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာနှင့် ဝန်ဆောင်မှုများပေးသော်လည်း စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းချ	

	ရေးတွင် ဈေးနှုန်းသတ်မှတ် ငွေပေးချေမှု ကွာဟချက်၊ နည်းပညာ ဝန်ဆောင်မှုစရိတ် မြင့်မားမှုများ ရှိတတ်သည်။	
ချေးငွေရရှိရေး အခက်အခဲများ	စိုက်ဘဏ်မှ ငွေထုတ်ချေးရန် တချို့ တောင်သူများမှ လယ်ယာမြေ အသုံးပြုခွင့်လက်မှတ် ပုံစံ(၇) မရှိ၍ ငွေမချေးနိုင်ခြင်း၊ငွေတိုး ချေးစား သူများထံမှ အတိုးနှုန်း ကြီးမြင့်ခြင်း၊	တောင်သူအုပ်စုနှင့် ဆွေးနွေးခြင်း
	အသေးစားငွေကြေးလုပ်ငန်း၊ အာမခံ လုပ်ငန်းတို့မရှိခြင်း၊စီးပွါးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရန် အပေါင်ပစ္စည်း လိုအပ်ခြင်း၊မြို့နယ် ရှိဘဏ်ဝန်ဆောင်မှုများ ကျေးလက် အရောက် ဝန်ဆောင်မှု မပေးနိုင်ခြင်း၊	
ပညာရေးအဆောက်အအုံ၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု	ကျောင်းသာ(၂၀၀)အတွက် ကျောင်း ဆောင်(၃)ဆောင်ရှိသော်လည်း အုတ်ခဲအခင်း၊ ထရံကာ၊ သစ်သား အကာတို့မှာ ဥပဓိရုပ်မကောင်းပဲ ကျောင်းကောင်း အရည်အသွေးကို မပြည့်မီခြင်း၊	ရပ်မိရပ်ဖအုပ်စုနှင့် ဆွေးနွေးခြင်း
ကျန်းမာရေးအဆောက်အအုံ၊ ဝန်ဆောင်မှုများအားလက်လှမ်း မီမှု	ရွာသားများသည် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခုရှိရန် လိုလားကြပါသည်။ ဆေးပေးခန်းရှိ လာပါက မိမိတို့ရွာအပြင် အနီးအနား ရွာများအတွက်ပါ အကျိုးရှိပါမည်။ သို့သော် မြို့နယ်ကျန်းမာရေးဦးစီး ဌာနသို့ တရားဝင်ခွင့်ပြုချက် ရရှိရန် တင်ပြရပါဦးမည်။ လက်ရှိတွင် ရွာ သားများသည် သာဝတ္ထိရှိ ဆောက် လုပ်ဆဲ တိုက်နယ်ဆေးရုံသို့ သွား ရောက်ပြသနိုင်ပါသည်။	အမျိုးသမီးအုပ်စုနှင့် ဆွေးနွေးခြင်း

လျှပ်စစ်မီးမရရှိသေးခြင်း	ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေး ရပ်မိရပ်ဖအုပ်စုနှင့် ပါ ။ ရွာသားများအတွက် ချက်ပြုတ် ဆွေးနွေးခြင်း၊ အမျိုး ရန် ထင်းကို အသုံးပြုနေရဆဲဖြစ်ပြီး သမီးအုပ်စုနှင့် မီးဖိုချောင်စရိတ်ကို မြင့်တက်စေ ဆွေးနွေးခြင်း၊ ပါသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၁-၃၊ ဇွန်လ၊ ၂၀၁၅)

(၅) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၅.၁) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့် တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့်တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင် (၂)ခု ကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေနှင့် စီးပွါးရှာဖွေနိုင်စွမ်း တိုးမြင့်လာရမည်။

(ခ) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာမီးလင်းရေး၊ သယ်ယူပို့ဆောင်ရေးကောင်းမွန်လာခြင်း၊အခြေခံအဆောက်ဦးနှင့် လူမှုရေးဝန်ဆောင်မှုများအား လက်လှမ်းမီလာ ခြင်း တို့မှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(၅.၂) နည်းဗျူဟာ

ကျွန်တော်တို့ကျေးရွာသည် ကံအားလျော်စွာ နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ရှိ သဖြင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများစွာရှိပါသည်။ လယ်ယာထွက်ကုန်များကိုလည်း ရန်ကုန်၊မန္တလေးနှင့်အခြားသောမြို့ကြီးများသို့ တင်ပို့နိုင်ရန် အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးလွယ်ကူ အဆင်ပြေသောနေရာတွင် တည်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် နေပြည်တော်ကောင်စီတို့၏ ပံ့ပိုးမှုများစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေရေး၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ လက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျွန်ုပ်တို့ ကျေးရွာနှင့် လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့ ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန် လိုပါသည်။

အခန်း(၈)တွင်ဖော်ပြထားသည့်အတိုင်း အောက်ခြေတွင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါအကောင်ထည်ဖော်ရေး ဗျူဟာကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့်ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(က) တစ်နှစ်သုံးသီးစိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် သီးနှံထုတ်လုပ်မှုစွမ်းအားကို ပိုမို တိုးတက်စေပါမည်။ နွေတွင် နွေနှမ်းနှင့်နွေစပါး စိုက်ပျိုးရန် ဆည်ရေလိုပါသည်။ သီးနှံပိုထွက်ရန် တောင်သူများအား စိုက်ပျိုးရေးအသိပညာရရှိစေရန်နှင့် သဘာဝမြေဩဇာသုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများ အပါအဝင် နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။

နွေသီးနှံစိုက်ပျိုးရေးအတွက် ရေနီရေလွှဆည်မှ ရေရရှိရန်ဆည်မြောင်းဦးစီးဌာနကို အသိပေးတင်ပြရပါမည်။ ရေနီချောင်းရေကို ရေစုပ်စက်ဖြင့် စုတ်တင်ရေသွင်းစိုက်ပျိုးရေး၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်းကဲ့သို့သော နည်းပညာများ အသုံးပြုခြင်း၊ စိုက်ပျိုးရေ မျှမျှတတ ရစေရေးအတွက် ထိရောက်သည့် စီမံခန့်ခွဲမှုတို့ကို တိုးမြှင့်ဆောင်ရွက်ရပါမည်။

(ခ) လယ်မဲ့ယာမဲ့နှင့်လယ်ယာမြေအနည်းငယ် ပိုင်ဆိုင်သူများကို အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေး အားပေးဆောင်ရွက်မည်။

(ဂ) လယ်မဲ့ယာမဲ့နှင့်ဆင်းရဲသားလယ်သမားများကို ကျွဲ၊ နွား၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီး အပိုဝင်ငွေရရှိစေမည်။ ကျေးရွာ၏အိမ်ခြံဝင်းများသည် ကျယ်ဝန်းသဖြင့် တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင်နိုင်သည်။ နွားမွေးမြူရေးမှာ အကျိုးအမြတ်ရှိသော်လည်း စတင်ရင်းနှီးငွေ အထိုက်အလျောက် ကြီးမားသည့် အပြင်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ပံ့ပိုးမှုရရန်လည်းလိုအပ်ပါသည်။

(ဃ) လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှုများဆောင်ရွက် ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များ စွန့်ထွင်လုပ်ကိုင်မှု ကျွမ်းကျင်ရေး၊ တစ်နိုင်တပိုင်ကျေးလက်ကုန်ထုတ်လုပ်ငန်း များ တိုးပွားလာပြီး အနီးအနား တဝိုက်ဈေးများတွင် ထုတ်ကုန်များရောင်းချရေး တို့ကိုလုပ်ရပါမည်။ နေပြည်တော်ဟိုတယ်လုပ်ငန်းများသည် လာမည့်နှစ် အနည်းငယ်အတွင်းလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများဖြစ်သည်။ ကျေးရွာအတွင်းရှိ အလယ်တန်း ပညာအရည်အချင်းရှိ လူငယ်များ၊ ဘွဲ့ရ လူငယ်များကို ဟိုတယ်စီမံခန့်ခွဲရေးသင်တန်း၊ အစားအသောက် ဝန်ဆောင်မှု သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ ပေးပြီးအလုပ်အကိုင်များ တိုးတက် လာစေမည်ဖြစ်သည်။

(င) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစားလုပ်ငန်းများအတွက် ချေးငွေ များ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သောဘဏ်လုပ်ငန်းများ လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် ငွေချေးယူမည့် ကျေးရွာ သားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများ ဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်း မှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာငွေကြေး ဝန်ဆောင်မှုပေးသော ဘဏ်များနှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေး လုပ်ငန်း အတွက် ရင်းနှီးမြှုပ်နှံငွေ ပိုအားကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက် မှလည်းဘဏ်နှင့် ငွေကြေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် မြို့နယ် အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှ ဆွေးနွေးညှိနှိုင်းတောင်းဆိုမှုများ လုပ်ရန် လိုအပ်သည်။ သို့မှသာ ကျေးလက်ဒေသနေပြည်သူများထံသို့ ငွေကြေး ဝန်ဆောင်မှုနှင့်ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

ဖွံ့ဖြိုးရေးဗျူဟာ	အကောင်အထည်ဖော်ရေးဗျူဟာ
၁။ လုပ်ငန်းအရင်းအနှီး	•စိုက်ပျိုးရေး၊မွေးမြူရေး၊အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက်အသေးစား၊အလတ်စားငွေကြေးလုပ်ငန်းဝန်ဆောင်မှုများသို့လက်လှမ်းမီရေးဆောင်ရွက်ခြင်း၊

၂။ သက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြုအနေထား ဖန်တီးပေးခြင်း၊	•ရေကောင်းရေသန့်ရရှိရေးနှင့် ယင်လုံအိမ်သာများ ခိုင်ခန့်အောင် ကွန်ကရစ်ခွေများဖြင့် တည်ဆောက်ပြီး သန့်ရှင်းစွာသုံး နိုင်အောင်ဆောင် ရွက်ခြင်း၊
	•သယ်ယူပို့ဆောင်ရေးလုပ်ငန်းတိုးတက်ရေး၊
၃။ ဝင်ငွေရရှိရေး လုပ်ငန်းများ၊	•ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်ရေး •တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းတိုးတက်ရေး၊ •ဘက်စုံအိမ်ခြံဝင်းစိုက်ပျိုးရေးလုပ်ငန်းတိုးတက်ရေး၊
၄။ လူမှုစီးပွါး တိုးတက်ရေး အတွက်ရုပ်ပိုင်းဆိုင်ရာ အခြေအနေကောင်းဖန်တီးပေးခြင်း၊	•ကျေးရွာလမ်းတံတားများဆောက်လုပ်၊ ထိန်းသိမ်း ပေးခြင်း၊ •စိုက်ပျိုးရေးအတွက် အသေးစားရေရရှိရေး လုပ်ငန်း၊ •ကျေးလက်ဆေးပေးခန်းဆောက်လုပ်ပေးခြင်း၊ •ကျေးရွာမီးလင်းရေးလုပ်ငန်း၊(ပင်မဓါတ်အားလိုင်း၊နေရောင်ခြည်သုံးစွမ်းအင်၊ လေစွမ်းအင်)
၅။သက်မွေးဝမ်းကျောင်းထိခိုက်လွယ်မှုနှင့်လူမှုရေး၊ နိုင်ငံရေးစွန့်စားရမှုများ လျော့ကျစေရန်ကျေးရွာလူထု၏ ခေါင်းဆောင်မှုစွမ်းရည်နှင့် လူမှုဖူလုံရေးစနစ်မှတဆင့် ကျွမ်းကျင်မှု၊ တုန့်ပြန်ရုန်းထနိုင်စွမ်းတိုးတက်စေရေး၊	•သက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေခြင်း၊ •ကျေးရွာလူမှုအဖွဲ့အစည်းများတိုးတက်လာရေးနှင့် ငွေကြေးစီမံခန့်ခွဲနိုင်စွမ်းတိုးတက်ရေး၊
၆။ အခြေခံအဆောက်အအုံကောင်းများ၊	•ပညာရေးဆိုင်ရာ အဆောက်အဦးနှင့်ဝန်ဆောင်မှုများ လက်လှမ်းမှီရေး၊ •ကျန်းမာရေးဆိုင်ရာအဆောက်အဦး၊ ဝန်ဆောင်မှုများ လက်လှမ်းမှီရေး၊

၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ

တစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(၆.၁) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းဆိုင်ရာ နည်းပညာများကို နိုင်ငံတော် အစိုးရကကူညီမည်ဟု ယုံကြည်ထားပါသည်။ ဤသို့ဖြင့်အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း မှန်မှန်စိစစ်သွား နိုင်ပါမည်။

(၆.၂) စိုက်ပျိုးရေးနှင့်ဆည်မြောင်းရေပေးဝေမှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျွန်တော်တို့ကျေးရွာ လယ်မြေများကို ဆည်မြောင်းရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရန်၊ နည်းလမ်းများရှာဖွေရန် လိုအပ်ပါသည်။ ရေနီချောင်းသည် ကျေးရွာပိုင်လယ်မြေများအနီးမှ ဖြတ်သန်းသွားသဖြင့် ရေစုပ် စက်အသုံးပြုကာ ချောင်းရေတင်ပြီး ရေသွင်းစိုက်ပျိုးနိုင်ရေးလည်း လက်တွေ့ကျကျ ဆောင်ရွက် ရပါမည်။ လျှပ်စစ်မီးအသုံးပြုနိုင်ပါက ရေတင်လုပ်ငန်း အတွက်လည်း ထိရောက်စေနိုင်ပါမည်။

(၆.၃) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(၆.၄) ကျေးလက်အသေးစားလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း စိုက်ပျိုးရေးထွက်ကုန်များ(ကြံ၊နှမ်း)ကို အခြေခံသည့် အသေးစား ကုန် ထုတ်လုပ်ငန်းများ၊ သွင်းအားစုများနှင့် ထုတ်ကုန်များအား ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ်အကိုင်နှင့် အမြတ်အစွန်း များရရှိရန် အခွင့်အလမ်းရှိပါသည်။ သို့သော်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး ၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ် ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(၆.၅) ရေကောင်းရေသန့်သုံးစွဲနိုင်ရေး

ကျေးလက်လူထု၏ကျန်းမာရေးသည် ရေကောင်းရေသန့်ကို ရရှိသုံးစွဲနိုင်မှုနှင့် ဆက်စပ်သည်။ ကျေးရွာအများစုတွင် ရေရရှိနိုင်မှုနှင့် ရေအရည်အသွေးပေါ်မူတည်ပြီး မြေအောက်ရေကို သုံးစွဲကြသည်။ ရေအရင်းအမြစ်အချို့တွင် ဘက်တီးရီးယား၊ အာဆင်းနစ်၊ သံဓါတ်ကဲ့သို့သော ဓါ တုပစ္စည်းများပါဝင်တတ်သဖြင့်ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးမှုသည်ပြည်သူ့ကျန်းမာ ရေးအတွက် အရေးကြီးပါသည်။ အချို့မြေအောက်ရေတွင်းများတွင် သံဓါတ်ပါဝင်မှုရှိတတ်ကာ ရွာသားများမှာ အခြားရွေးစရာမရှိလျှင် သံဓါတ်ပါဝင်သောရေကိုပင် သဲရေစစ်သုံးပြီး သောက်သုံးကြရသည်။ ကျေးလက်ဒေသတွင် သောက်သုံးရေကို အရည်အသွေးစစ်ဆေးခြင်းနှင့် ရေကောင်းရေသန့်ဖြစ်အောင် ဆောင်ရွက်ပေးခြင်းတို့ မရှိသေးချေ။ ထို့ကြောင့် ရေအရည်အသွေး စစ်ဆေးခြင်းနှင့် ရေကောင်းရေသန့်ဖြစ်အောင် ဆောင်ရွက်ပေးခြင်းတို့သည့် အများပြည်သူ ကျန်းမာရေး တိုးတက်မှုနှင့် လူသက်တမ်းပိုရှည်ရေးအတွက် အထောက်အကူပြုနိုင်ပါမည်။

(၆.၆) ကျေးရွာမီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက် ရွာသားများအလွန်စိတ်ဝင်စားကြသော်လည်း ပင်မဓါတ်အား လိုင်းနှင့် ၂ ကီလိုမီတာခန့် ကွာဝေးခြင်းနှင့် ငွေကြေးအားနည်း ခြင်းတို့သည် ကျေးရွာမီးလင်းရေး တို့အတွက် အဟန့်အတားအဖြစ် ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံတော်မှ အထောက်အပံ့ကို အထိုက် အလျောက်ရရှိနိုင်လျှင် ကျေးရွာမီးလင်းရေးအစီအစဉ် အောင်မြင်နိုင်ခြေရှိပါမည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဆိုပါက ထင်းဖိုး၊ မီးတိုင်ဖိုးတို့အတွက် ကုန်ကျစရိတ်များ လျော့နည်း သွားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုကာ လူနေမှုအဆင့်အတန်း မြင့်မားလာစေပါမည်။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့်အစီအစဉ်၊ ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံကိန်းများကို ဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

စီမံကိန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။

ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငါးနှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသားများကိုယ်စား သင့်တော်သူ (၁၀)ဦးက ဦးစားပေးရမည့်စီမံကိန်းလုပ်ငန်းများကို အမှတ်ပေးကြပါသည်။ ယင်းအမှတ်ပေးရလာဒ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားရှိပါသည်။

ဇယား (၉) - ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေးစီမံကိန်းလုပ်ငန်းများ

စဉ်	ကဏ္ဍ / အကြောင်းအရာ		စီမံကိန်း	ဦးစားပေးရမှတ်	ဦးစားပေးအဆင့်
၁	စီမံအုပ်ချုပ်မှုစနစ်	ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံအုပ်ချုပ်မှု	အဖွဲ့အစည်းဆိုင်ရာသဘောတရား သင်တန်း၊	၂၂	၁၃

စဉ်	ကဏ္ဍ / အကြောင်းအရာ		စီမံကိန်း	ဦးစားပေးရမှတ်	ဦးစားပေးအဆင့်
၂	စိုက်ပျိုးရေး	သီးနှံ	ရေတင်စက်ဖြင့် ရေတင်စိုက် ပျိုးနှိုင်ရေး	၃၅	၉
	မွေးမြူရေး	မွေးမြူရေးဆိုင်ရာသင်တန်း	အခြေခံမွေးမြူရေးသင်တန်းပံ့ပိုးပေးခြင်း၊	၃၂	၁၁
၃	ငွေကြေး	ချေးငွေ	ငွေကြေးအရင်းအနှီးရရှိရေးဆောင်ရွက်ခြင်း	၇၅	၄
၄	ပညာရေး	အလယ်တန်းကျောင်းခွဲ	ကျောင်းဆောင်ဆောက်လုပ်ခြင်း၊	၅၃	၅
			စာသင်ခုံပရိဘောဂ ပြည့်စုံရေး၊	၄၀	၇
			ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း၊	၄၀	၇
၅	ကျန်းမာရေး	ကျန်းမာရေးဆိုင်ရာအဆောက်အဦး	ကျေးရွာ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း၊	၃၀	၁၂
		သောက်သုံးရေ	စက်ရေတွင်း တူးဖော်ခြင်း၊	၄၆	၆
		ပတ်ဝန်းကျင်သန့်ရှင်းရေး	မိသားစုအိမ်သာကျင်းသုံး ကိုကွန်ကရစ်ခွေများဖြင့် ဆောက်လုပ်ခြင်း	၃၆	၈
၆	ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား	စာကြည့်တိုက်	စာကြည့်တိုက်တည်ထောင်ခြင်း၊	၂၁	၁၄
		သင်တန်း	အသက်မွေးဝမ်းကျောင်းသင်တန်း ပံ့ပိုးပေးခြင်း၊	၃၄	၁၀
၇	အခြေခံအဆောက်အဦး	လမ်း၊တံတား	ကျောက်ချောလမ်း ပြုပြင်ခြင်း၊	၈၁	၃
		လမ်း၊တံတား	တံတားနှင့်ရေပြွန်တည်ဆောက်ခြင်း၊	၈၄	၂
		ကျေးလက်လျှပ်စစ်မီး	ကျေးရွာလျှပ်စစ် မီးလင်းရေး	၁၀၀	၁

ဇယား (၁၀) စီမံကိန်းကာလ

စဉ်	စီမံကိန်း (Project)	ဦးစားပေးအဆင့်	ပထမနှစ်	ဒုတိယနှစ်	တတိယနှစ်	စတုတ္ထနှစ်	ပဉ္စမနှစ်
၁	ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း	၁					
၂	တံတားနှင့်ရေပြွန် တည်ဆောက်ခြင်း၊	၂					
၃	ကျောက်ချောလမ်း ပြုပြင်ခြင်း၊	၃					
၄	ငွေကြေးအရင်းအနှီးရရှိရေး၊	၄					
၅	ကျောင်းဆောင်ဆောက်လုပ်ခြင်း၊	၅					
၆	စက်ရေတွင်း တူးဖော်ခြင်း၊	၆					
၇	ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း၊	၇					
၈	စာသင်ခုံပရိဘောဂပြည့်စုံရေး၊	၇					
၉	မိသားစုအိမ်သာကျင်ကို ကွန်ကရစ်ခွေဖြင့် ဆောက်ခြင်း၊	၈					
၁၀	ရေတင်စက်ဖြင့်ရေတင် စိုက်ပျိုးရေး	၉					
၁၁	သက်မွေးဝမ်းကျောင်း သင်တန်း ပံ့ပိုးပေးခြင်း၊	၁၀					
၁၂	အခြေခံမွေးမြူရေးသင်တန်း ပံ့ပိုးပေးခြင်း၊	၁၁					
၁၃	ကျေးရွာ ကျန်းမာရေး ဆေးပေးခန်း ဆောက်လုပ်ခြင်း၊	၁၂					
၁၄	အဖွဲ့အစည်းဆိုင်ရာ သဘောတရားသင်တန်း၊	၁၃					
၁၅	စာကြည့်တိုက် တည်ထောင်ခြင်း၊	၁၄					

၈။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာဗျူဟာ(Budget and Financing Strategy)

စီမံကိန်းရန်ပုံငွေတွက်ချက်အသုံးပြုရာတွင် အောက်ပါအတိုင်းအမျိုးအစားအုပ်စု (၂)မျိုးကို အခြေခံ၍ စီမံခန့်ခွဲနိုင်ပါမည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း: (Functional classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့် ကဏ္ဍအောက်တွင် (ဥပမာစိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်းဖြစ်ပါသည်။

(က) သာမန်အသုံးစရိတ်(current expenditure) ဥပမာ-လစာ၊နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ဌားရမ်းခစသည်များ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်(capitalex penditure)ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(ဂ) စွမ်းရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်။

အထက်ပါနည်းလမ်း(၂)မျိုးဖြင့် အုပ်စုခွဲခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် လုပ်ငန်းရှင်များ ထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

ဇယား(၁၁)-စီမံကိန်းဘတ်ဂျက်

စဉ်	စီမံကိန်း	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန် အသုံး စရိတ်	ရင်းနှီး မြှုပ်နှံ ခြင်း	ဘက်စုံ ရင်းနှီး မြှုပ်နှံမှု	အရေးပေါ် အထောက် အပံ့
၁	ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း	၄၀၀		√		
၂	တံတားနှင့်ရေပြွန် တည်ဆောက်ခြင်း၊	၁၂၀		√		
၃	ကျောက်ချောလမ်း ပြုပြင်ခြင်း၊	၁၅၀		√		
၄	ငွေကြေးအရင်းအနှီး	၁၁၀		√		
၅	ကျောင်းဆောင်ဆောက်လုပ် ခြင်း၊	၁၂၀		√		
၆	စက်ရေတွင်း တူးဖော်ခြင်း၊	၆၀		√		
၇	ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း၊	၁၅		√		
၈	စာသင်ခုံပရိဘောဂ	၁၀		√		
၉	မိသားစုအိမ်သာကျင်းသုံး ကွန်ကရစ်ခွေဖြင့် ဆောက်ခြင်း	၅၀		√		
၁၀	ရေတင်စက်	၅၀		√		
၁၁	သက်မွေးဝမ်းကျောင်း သင်တန်း ပံ့ပိုးပေးခြင်း၊	–	√			
၁၂	အခြေခံမွေးမြူရေး သင်တန်း ပံ့ပိုးပေးခြင်း၊	–	√			

စဉ်	စီမံကိန်း	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန် အသုံး စရိတ်	ရင်းနှီး မြှုပ်နှံ ခြင်း	ဘက်စုံ ရင်းနှီး မြှုပ်နှံမှု	အရေးပေါ် အထောက် အပံ့
၁၃	ကျေးရွာ ကျန်းမာရေး ဆေးပေးခန်း ဆောက်လုပ်ခြင်း၊	၇၀		√		
၁၄	အဖွဲ့အစည်းဆိုင်ရာ သဘောတရားသင်တန်း၊	–	√			
၁၅	စာကြည့်တိုက် တည်ထောင်ခြင်း၊	၃၅		√		

၉။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း (plan monitoring and assessment)

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ်စစ်ဆေး သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၄င်းတို့၏အကျိုးရလဒ်များကို ကျွန်ုပ်တို့ ရှင်းလင်းစွာ နားလည်သဘောပေါက်လာမည်။
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေးဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ် သော ဖွံ့ဖြိုးရေးအကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၉-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲ ၇၇နှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၉-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်း

ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲတွင် အောက်ပါအချက်များ အပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလာဒ်များနှင့် အကျိုးသက် ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့် ရမည့်မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှရရှိသောသင်ခန်းစာများ (အခြားရွာများနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)၊
- ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှုအခြေအနေ၊
- အကြံပြုသုံးသပ်ချက်များ။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီက အနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိက ထားဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်းအရာ နှင့် စိန်ခေါ်မှုများ
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်
- နိဂုံးတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

(၉-၃) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများ ကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁၀) ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်း နှင့် အစီအစဉ်များ

(၁၀-၁) ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်ခြင်းလုပ်ငန်းများ တိုးတက်ရေးကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ထုတ်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနနှင့် ဆက်သွယ် ၍ နည်းပညာဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ် ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)။

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

၁၁။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း (Scheme)များ လည်ပတ်ရန်နှင့် ပြုပြင် ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့်ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည်ဖော်မှုအဆင့်တိုင်း၌ လူတန်းစားအလွှာအသီးသီး၊ လူတန်းစားမရွေးထိရောက်စွာ ပါဝင်ခွင့်ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ်ရှိလာပါမည်။ လူထု၏ ပိုင်ရှင်စိတ်ဓာတ် ရှိလေလေ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (Scheme)များလုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု ကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများလည်ပတ်စရိတ်၊ ပြုပြင်စရိတ်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှုမရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများမတည်မြဲနိုင်ပါ။

ကျွန်ုပ်တို့ကျေးရွာတွင် အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် လုပ်ငန်း လည်ပတ်ရေး၊ ပြုပြင်ထိန်သိမ်းရေးတို့ကိုဆောင်ရွက်ရပါမည်။

စဉ်	ကဏ္ဍ	လုပ်ငန်း
၁	စီးပွားရေးကဏ္ဍ	• အသေးစားနှင့်အလတ်စားချေးငွေများ၊ • မူလတန်းကျောင်းဆောင်ပြုပြင်ရေး၊
၂	လူမှုအဆောက်အဦးများ	• ကျောင်းအိမ်သာဆောက်လုပ်ခြင်း၊ • စက်ရေတွင်းတူးဖော်ပေးခြင်း၊

စဉ်	ကဏ္ဍ	လုပ်ငန်း
၃	လမ်းပန်းဆက်သွယ်ရေး	• စာကြည့်တိုက်တည်ထောင်ရေး၊ • မီးလင်းရေး၊ • ကျောက်ချောလမ်းပြုပြင်ခြင်း၊ • တံတား၊ ရေပြွန်တည်ဆောက်ခြင်း၊

အထက်ဖော်ပြပါဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘာဝများမှာ လုပ်ငန်းအလိုက်ကွဲပြားပါသည်။ ထို့ကြောင့်လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျွန်ုပ်တို့ရွာဖွံ့ဖြိုးရေး လုပ်ငန်းများအလိုက် လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ များနှင့် အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ဤကော်မတီသည်လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ဖွဲ့စည်းထားသော ဆပ်ကော်မတီများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာသယံဇာတများအသုံးချခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ကူညီပံ့ပိုးပေးပါမည်။ ဤကော်မတီကို ဆပ်ကော်မတီများမှ ခေါင်းဆောင်တစ်ဦးကျစီပါဝင်ပြီး အခြားသင့်တော်မည့်သူများကို အများသဘောတူညီမှုဖြင့် အဖွဲ့ဝင် (၁၁)ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကော်မတီဝင်များစာရင်းကို နောက်ဆက်တွဲ (၁၊ဂ) ဖြင့် ပူးတွဲဖော်ပြထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် နောက်ပိုင်းတွင် ပုံမှန်အစည်းအဝေးပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးကြပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်းအချက်အလက်များပြုစုခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ထပ်မံကောက်ယူခြင်းတို့လုပ်ဆောင် ကြပါမည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မတီ

ကျွန်ုပ်တို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆပ်ကော်မတီကို ဖွဲ့စည်းထားပါသည်။ ယင်းတွင်လယ်သမား မိသားစုများ၊မွေးမြူရေးကို စိတ်ဝင်စားပြီး လုပ်ငန်းဆောင်ရွက်သူများ၊ အခြားဝင်ငွေရလုပ်ငန်းဆောင်ရွက်သူများ၊ အမျိုးသမီးများ၊ ဆင်းရဲချမ်းသာအဆင့်အမျိုးမျိုးမှ ပါဝင်ကြပါသည်။

အဆိုပါဆပ်ကော်မီတီတွင် ခေါင်းဆောင်တစ်ဦးသတ်မှတ်ပြီး ကျန်သူများကို အဖွဲ့ဝင်များအဖြစ် သတ်မှတ်ထားရှိပါသည်။ ဆပ်ကော်မီတီ၏ ခေါင်းဆောင်သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် အလိုအလျောက် အရွေးချယ်ခံရပါသည်။ဆပ်ကော်မတီအနေဖြင့်

အသက်မွေးဝမ်းကျောင်း သင်တန်းသားရွေးချယ်ရေး၊ အကျိုးခံစားမည့်သူများ မျှတစွာ ရွေးချယ်ရေး၊ လုပ်ငန်းအကောင်အထည်ဖော်မှုကြီးကြပ်ရေး၊ ချေးငွေထုတ်ချေး ပံ့ပိုးမှုရှိပါက အချိန်မီပြန်လည်ကောက်ခံရေး၊ ငွေကြေးစီမံခန့်ခွဲမှု၊ သုံးစွဲမှုကိစ္စတို့တွင် အငြင်းပွားမှု မဖြစ်စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ကြပါမည်။

ဆောက်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ

ဤဆပ်ကော်မတီကို ကျေးရွာတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန် ဦးတည်ဖွဲ့စည်းထားပါသည်။ ကော်မတီဝင်များအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရင်းနှီးကျွမ်းဝင်သူများ၊ ကျေးရွာအပေါ် စေတနာထား ဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်ဖွဲ့စည်းထားပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်သောအခါ ငွေကြေးစီမံခန့်ခွဲမှု၊ သုံးစွဲမှုကိစ္စတို့တွင် ပွင့်လင်းမြင်သာမှုတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ကြပါမည်။

ကျေးရွာမီးလင်းရေးဆပ်ကော်မတီ

ကျေးရွာမီးလင်းရေးဆပ်ကော်မတီကိုလည်း ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကိစ္စအတွက် ဦးတည်ဖွဲ့စည်းထားရှိပါသည်။ အာဏာပိုင်အဖွဲ့အစည်း၊ မြို့နယ်လျှပ်စစ်ဓါတ်အားလုပ်ငန်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားကြပါမည်။ ကုန်ကျစရိတ် တွက်ချက်ခြင်းများ၊ စီးပွါးဓနအဆင့်လိုက် ကျသင့်မည့် ငွေကြေးသတ်မှတ်ကောက်ခံရေး၊ ပစ္စည်းဝယ်ယူရေး၊ လျှပ်စစ်ဌာနမှ နည်းပညာရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တပ်ဆင်ရေး၊ မီတာအသုံးပြုခကောက်ခံရေး၊ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းစသောလုပ်ငန်းများအတွက် တာဝန်ခွဲဝေဆောင်ရွက်သွားကြမည့် ဦးဆောင်အဖွဲ့ဖြစ်ပါသည်။ တစ်ရွာလုံးပူးပေါင်းပါဝင်မှုရရှိရန်နှင့် ပွင့်လင်းမြင်သာမှုများရှိရန်အတွက် ဆပ်ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ(က) နောက်ဆက်တွဲဇယားများ

နောက်ဆက်တွဲ(က၊၁) လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးကျေးရွာ၏ ဥစ္စာဓနအဆင့်ခွဲခြားခြင်း

ပိုင်ဆိုင်မှု အဆင့် အတန်း	(က)အဆင့်အတန်း (ချမ်းသာ)	(ခ)အဆင့် အတန်း (အသင့်အတင့်)	(ဂ)အဆင့် အတန်း (ဆင်းရဲ)	(ဃ)အဆင့် အတန်း (အလွန်ဆင်းရဲ)
လယ်ယာမြေ ပိုင်ဆိုင်မှု	• (၁၀)ဧက အထက်	• (၃-၉) ဧက ကြား	• (၁–၂)ဧက	မြေယာမဲ့
အိမ်ပုံစံ	• တိုက်အိမ် • ပျဉ်ခင်း • သွပ်မိုး • (၁)ထပ်၊(၂)ထပ်	• သွပ်မိုး • ထရံကာ	• သက်ကယ် • ထရံကာ	• သက်ကယ် • ထရံကာ
ကျွဲ၊နွားလယ် ယာသုံးကိရိ ယာပိုင်ဆိုင်မှု	• လက်တွန်း ထွန် စက် • ချေလှော်စက် • ရေတင်စက် • ခိုင်းနွား တစ်ရှဉ်း	• ခိုင်းနွား တစ်ရှဉ်း • ဂက်	• နွားမွေး၊ ဂက်မွေး	မရှိ
အလုပ်အကိုင်	• ဂန်ထမ်း • တောင်သူ	• ဂန်ထမ်း • တောင်သူ	• ကျပန်း • ဈေးရောင်း	• ကျပန်း
အခြား	• ရွှေထည်ပစည်း၊ • ဆိုင်ကယ်	• ဆိုင်ကယ် • အပ်ချုပ်စက်	• ဆိုင်ကယ်	• မရှိ
အိမ်ထောင်စု ပေါင်း	၂၁ (၁၂.၈၈%)	၃၅ (၂၁.၄၇%)	၈၂ (၅၀.၃၁%)	၂၅ (၁၅.၃၄%)

နောက်ဆက်တွဲ(က၊၂) : ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
၁။	**အဖွဲ့အစည်းဆိုင်ရာ စနစ်** •အစဉ်အလာအရ ဖွဲ့စည်းခဲ့သော ဘာသာရေး၊လူမှုရေးအဖွဲ့များ သာရှိပြီး ကျေးရွာစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင့်ဦးဆောင်မှုပြုမည့် အဖွဲ့စည်းစနစ်မရှိသေးခြင်း •ကျေးရွာတွင်းလက်ရှိ အဖွဲ့အစည်းများ အချင်းချင်း ကြားပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုစနစ်မရှိခြင်း၊	•ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊ •အဖွဲ့အစည်းဆိုင်ရာ သဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊	• နိုင်ငံတော်က ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ဦးစားပေး ဆောင်ရွက်နေခြင်း • ကျေးလက်ဦးစီးဌာန ၏ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်၊	• အဖွဲ့အစည်းဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများနှင့်အလှမ်းဝေးခြင်း	•ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်ထည်ဖော်ခြင်း စသည့် အလေ့ကျင့်များ၊ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း၊ •ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုနှင့် ဆက်စပ်သော သဘောတရားသင်တန်းပုံပိုးပေးခြင်း၊	•ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ •အဖွဲ့အစည်းဆိုင်ရာသဘောတရားသင်တန်းပို့ချပေးခြင်း၊

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
၂။	**စိုက်ပျိုးရေးကဏ္ဍ** • သီးနှံတိုးတက်မထုတ်လုပ်နိုင်ခြင်း	• ရေသွင်းစိုက်ပျိုးရန် ဆည်ရေလက်လှမ်းမမီခြင်း၊ ရေတင်စက်ဖြင့် ရေတင်ရန်အခက်ခဲရှိခြင်း ၊ • စိုက်ပျိုးရင်းနှီးစရိတ် မပြည့်စုံခြင်း၊ •သီးနှံဖျက်ပိုးများ ကာကွယ်နှိမ်နှင်းခြင်း၊ မြေဆီလွှာ ထိန်းသိမ်း ခြင်း စသည်တို့ဆိုင်ရာ နည်းပညာများရရှိရန် ပြည့်စုံသည့် ဝန်ဆောင်မှု များ အားလက်လှမ်းမမီခြင်း၊ •ငွေကြေးအရင်းအနှီး မပြည့်စုံခြင်း၊	• လယ်ယာလုပ်ငန်း သုံးကိရိယာရောင်း ဆိုင်၊ကုမ္ပဏီများ သို့ လက်လှမ်းမီခြင်း၊ • ရေသွင်းနိုင်သော ရေနီချောင်းရှိခြင်း၊	• ရေနီဆည်မှ စိုက်ပျိုးရေလို အပ်ချိန်တွင် အလုံအလောက် မပေးဝေနိုင်ခြင်း၊ • လယ်ယာလုပ်ငန်းသုံးကရိယာများဈေးကြီး မြင့်ခြင်း၊ • သင့်တော်သည့် ငွေကြေးဝန်ဆောင်မှုအား လက်လှမ်းမမီခြင်း၊	•ဘဏ်များနှင့် ငွေကြေးဝန်ဆောင်မှုများသို့ ဆက်သွယ်ဆောင် ရွက်နိုင်ရာများ ဖန်တီးပေးခြင်း၊ •စိုက်ပျိုးရေလက်လှမ်းမှီရေး အတွက် ဆည်ရေရရှိရေးစီစဉ်ခြင်းနှင့် ရေတင်စက်ဖြင့်ရေတင်နိုင်ရေးအစီအစဉ် •နည်းပညာဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများနှင့်လက်လှမ်းမှီမှုရှိရန် ဆောင်	• သီးထပ်စိုက် နိုင်ရေးအတွက်ရေရရှိရေး အစီအစဉ် ▪ဆည်မြောင်းရေ ရရှိရေး၊ ▪ ရေတင်စက်ဖြင့် ရေတင်နိုင်ရေး ▪ မြေအောက်ရေ တူးဖော်အသုံးပြုနိုင် ရေး • လယ်သမားများအစုအဖွဲ့စနစ်ဖြင့် ဆောင် ရွက်သည့် စနစ်တည်ထောင်ရန် ○ သွင်းအားစုဈေးကွက်၊ရောင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံကိန်း
					ရွက်ခြင်း၊ •လုပ်ငန်းသုံးကိရိယာများအား ငှားရမ်းအသုံးပြုခြင်း၊ အရစ်ကျ အကြွေးဝယ်စနစ်များဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊	ချမှုဈေးကွက်သို့ လက်လှမ်းမှီ ရန် • သီးနှံရောဂါပိုးမွှား ကာကွယ်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ စသည့်နည်းပညာသင်တန်းများ၊ • ချေးငွေ ဝန်ဆောင်မှု ဆိုင်ရာ အဖွဲ့အစည်း များနှင့်ချိတ်ဆက်ခြင်း၊
၃။	**မွေးမြူရေးကဏ္ဍ** • မိသားစုဝင်ငွေတိုးတက် ရေးအတွက် မွေးမြူရေးလုပ်ငန်းကို တိုးတက်အောင် မဆောင်ရွက်နိုင်ခြင်း	• ငွေကြေးချို့တဲ့မပြည့်စုံခြင်း၊ •သင့်တော်သော မွေးမြူရေး ဝန်ဆောင်မှု မရရှိခြင်း၊ • မွေးမြူရေးနည်းပညာ	•မြေခြံများရှိနေခြင်း၊ •မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ ရောက်လေ့ရောက်ထရှိခြင်း၊ •မွေးမြူရေးတိရစ္ဆာန်	•ဈေးကွက်ကို လိုင်စင် သမားမှ ချုပ်ကိုင်ထားခြင်း၊ •ကာကွယ်ဆေးပုံမှန် ထိုးနိုင်ရေး အတွက် အဖွဲ့	•ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်ဖန်တီးပေးခြင်း၊ •ရွာအရောက်	•မွေးမြူရေးနည်းစနစ်များ ရရှိရေး၊ •ချေးငွေရရှိနိုင်ရေး၊

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
		နှင့် စီမံခန့်ခွဲမှု အား နည်းခြင်း၊	ရောင်းချရန်ဈေး ကွက် ခိုင်မာခြင်း၊	အစည်းဆိုင်ရာ နှင့် ငွေကြေး ဆိုင်ရာပြင်ဆင်မှု စနစ် မရှိခြင်း • မွေးမြူရေး ဆောင် ရွက်ရန် ဘဏ်နှင့် ငွေကြေး ဝန်ဆောင်မှုများ တို့ လွယ်ကူစွာ လက်လှမ်း မမှီခြင်း •မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှဝန်ဆောင် မှုရရှိရန် ဆက် သွယ်ဆောင်ရွက် သည့် အလေ့ အထ နည်းခြင်း	ဆေးကုသရေး ဝန်ဆောင်မှု ပေး ခြင်း၊ •ဈေးသက်သာပြီး ထိရောက်မှု ရှိ သော ကာကွယ် ဆေးထိုးမှုစနစ် ချမှတ်ခြင်း၊ •သံသယဖြစ်ဖွယ် ရောဂါဖြစ်ပွါးမှု များကို စစ်ဆေး နိုင်ရန်သုတေ သနဓါတ်ခွဲ ခန်း များဖွင့်ပေးခြင်း၊	

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံကိန်း
၄။	**စိုက်ပျိုး မွေးမြူရေး မဟုတ် သော ဝင်ငွေရ လုပ်ငန်း များ** • အလုပ်အကိုင်အခွင့် အလမ်းနည်းပါး ခြင်း၊	•အသေးစားထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုလုပ်ငန်း များမဖွံ့ဖြိုးခြင်း •သက်မွေးဝမ်းကျောင်း သင်တန်းများမရ ရှိခြင်း၊ •ချေးငွေအလွယ်တကူ မရရှိခြင်း၊	•အလုပ်လုပ်နိုင်သည့် လုပ်သားအင်အား ရှိခြင်း၊	•ဈေးကွက်ထိုး ဖောက် ရန် ကျွမ်းကျင်မှု၊ အသိ အမြင် အားနည်းခြင်း၊ •သက်မွေးဝမ်း ကျောင်း နည်း ပညာသင်တန်း ရရှိရန်အလှမ်း ဝေးခြင်း၊	•သက်မွေးဝမ်း ကျောင်းကျွမ်း ကျင်မှု မြှင့်တင် ပေးခြင်း၊ •ချေးငွေဝန် ဆောင်မှုလုပ်ငန်း များတိုး တက် အောင်ဆောင် ရွက်ပြီးကျေးရွာ လူထုနှင့်ချိတ် ဆက်ခြင်း	•အသေးစားလုပ် ငန်း များအတွက် ချေးငွေရရှိရန် ချိတ်ဆက် ပေးခြင်း၊ •အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်း။
၅။	**ပညာရေး** •အလယ်တန်း၊အထက် တန်း နှင့် တက္ကသိုလ် ပညာတတ် မြောက်မှု အားနည်းခြင်း	•ပညာရေးအတွက် ငွေကြေး အရင်းအနှီး မပြည့်စုံခြင်း(မြို့ကျောင်း ထားရန်) •အခြေခံပညာ အရည် အသွေးမပြည့်စုံ၍ အလယ်တန်း၊အထက်တ န်းပညာအောင်မြင်မှု	•ပညာရေးအား ရှာသာ ်း များစိတ်ဝင်စားမှုရှိ ခြင်း၊ •မိဘဆရာအသင်း ဖွဲ့စည်းထားရှိခြင်း၊	•မိဘဆရာ အသင်း လှုပ်ရှား ဆောင် ရွက်မှု အားနည်းခြင်း၊	•မူလတန်းပညာ သင် ကြားမှု အရည်အသွေး ကောင်းမွန်ရန် ပညာရေးဌာနမှ ပုံမန်ကွင်းဆင်း စစ်ဆေးခြင်း၊လို အပ်သလို	•၆၀’x ၃၀’x ၁၀’ ကျောင်း ဆောင်ဆောက် လုပ်ပေးခြင်း၊ •ပရိဘောဂ၊ စာသင်ခုံများ ထောက်ပံ့ပေး ခြင်း၊

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
		ရရှိရန် ခက်ခဲခြင်း။ •ကျောင်းဆောင်မလုံလောက်ခြင်း၊ •ပြုပြင်ထိန်းသိမ်းမှုစနစ်မရှိခြင်း၊ •ဆရာ/မ အစားထိုးခန့်အပ်မှုမရှိသေးခြင်း၊ •ကျောင်းအိမ်သာမလုံလောက်ခြင်း၊			အရေးယူဆောင်ရွက်ခြင်း၊ •မိဘဆရာအသင်းဝင် များပူးပေါင်းဆောင်ရွက်ပြီး ပညာရေးအဆောက်ဦးများနှင့် ဝန်ဆောင်မှု များကောင်မွန်အောင်ဆောင်ရွက်ခြင်း၊	•ကျောင်းအိမ်သာဆောက်လုပ်ပေးခြင်း၊
၆။	**လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား** •လူငယ်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် စနစ်ကျသောပတ်ဝန်းကျင်	•ပညာရေးအဆင့် အတန်းနိမ့်ခြင်း၊ •လေ့လာသင်ယူလိုစိတ်မြင့်တင်ရန် နှင့်သင်ယူ	•အလုပ်လုပ်နိုင်သည့် လူငယ် ၊ လူရွယ်များရှိနေ ခြင်း၊ •မိုဘိုင်းဖုန်း၊	•လေ့လာ သင်ယူနိုင်သည့် ဖော်ပြပါအခွင့်အလမ်းများ၊	•လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ခြင်း (ဆွေးနွေးပွဲများ၊	•လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ခြင်း (ဆွေးနွေးပွဲ များ၊

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံကိန်း
	မရှိခြင်း။	နိုင် သည့် ပတ်ဝန်းကျင် ကောင်း တစ်ခု ဖန်တီး မပေးနိုင်ခြင်း	အင်တာနက်ကွန် ယက် နှင့် လက်လှမ်း မီခြင်း၊ •ရုပ်သံထုတ်လွှင့်မှုအ စီအစဉ်များအား ကြည့်ရှု လေ့လာ နိုင်ခြင်း၊	အထောက်အပံ့ များအား စနစ် တကျ အသုံးပြု သည့်အလေ့အ ထ မရှိခြင်း၊ • အင်တာနက်၊ ရုပ်သံများကြည့် ရှုနိုင်ရေးအတွက် လျှပ်စစ်ဓါတ်အား ရရှိရန်လိုအပ်ခြင်း ၊	ဟော ပြောပွဲများ၊ စာဖတ် ဝိုင်းများ) •လျှပ်စစ်မီး အသုံး ပြုနိုင်ရေး ဆောင် ရွက်ပေးခြင်း၊	ဟော ပြောပွဲများ၊ စာဖတ် ဝိုင်းများ) •လျှပ်စစ်မီးအသုံး ပြုနိုင်ရေး ဆောင် ရွက်ပေးခြင်း၊
၇။	**ကျေးရွာအတွင်းရှိ အခြေခံအဆောက်အ ဦး များ** •ရွာချင်းဆက်လမ်းမ ကောင်း ခြင်း၊	•မြေသားလမ်းဖြစ်နေ ခြင်း၊ •ချောင်း (၁) ချောင်း၊ ဆည်မြောင်း (၁) ခု၊ ရိုး (၁) ခု ဖြတ်သန်းစီးဆင်း	•ကျောက်ကို အလွယ် တကူ ဝယ်ယူနိုင်ခြင်း	•နိုင်ငံတော် အတွက်ငွေကြေး ရင်းနှီးမြုပ်နှံရန် များစွာလိုအပ် ခြင်း	•နိုင်ငံတော်မှ ရွာ အဆင့်လမ်း ဖောက်ပေး သည့် အစီအစဉ် ချမှတ် ခြင်း၊	•ရွာချင်းဆက် လမ်းကောင်း မွန်အောင် ဆောင် ရွက်ခြင်း ○ တံတားနှင့်

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံကိန်း
		နေခြင်း၊ •ရန်ပုံငွေအားနည်းခြင်း၊				ရေပြွန်များ တည် ဆောက် ခြင်း၊ ○ ကျောက်ချော လမ်းခင်းခြင်း၊
	•လျှပ်စစ်မီး မရရှိသေးခြင်း၊	•ငွေကြေးမတတ်နိုင်ခြင်း၊ • ပင်မဓာတ်အားလိုင်း နှင့် (၂) ကီလိုမီတာခန့် ဝေးကွာခြင်း၊	•ရွာသူရွာသားများ လိုလားမှုပြင်းပြ ခြင်း၊ • ရွာသို့ ဆက်သွယ်ရေး အတော်အသင့် ကောင်းမွန်ခြင်း၊	•မြို့ပြကဲ့သို့ ကျေးရွာများ တွင် ပံ့ပိုးမှု မရှိသေးခြင်း၊	•နိုင်ငံတော်မှ ပံ့ပိုးပေးခြင်း၊	•ကျေးရွာမှငွေကြေး ကောက်ခံ ပြီး ပင်မဓါတ် အား လိုင်းနှင့်ချိတ် ဆက်ခြင်း၊
၉။	**ကျန်းမာရေး** •ကျန်းမာရေးနှင့် သင့်တော်သော ဆင်ခြင်နေထိုင်မှုဆိုင် ရာ အသိအမြင် ဗဟု	•ကျေးရွာတွင် ကျန်းမာ ရေးဝန်ထမ်းနှင့် ဆေးခန်း မရှိခြင်း၊ •ရေထဲတွင် သံဓာတ်	•နေပြည်တော်ဧရိယာ အ တွင်း ဆေးရုံ ဆေးခန်း များသို့ သွားရောက်ရန်	•အစိုးရ ခွင့်ပြု ချက် မရရှိ သေးခြင်း၊	•ကျန်းမာရေး ဆေး ခန်းနှင့် ကျန်းမာ ရေး ဝန်ထမ်းခွင့်ပြု	•မြို့နယ်ကျန်းမာ ရေး ဦးစီးဌာနနှင့် ဆက်သွယ် ဆောင် ရွက်ခြင်း၊

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံကိန်း
	သုတ လိုအပ်ခြင်း၊ •ကျန်းမာရေး စောင့်ရှောက်မှု နှင့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင် မရှိခြင်း။	ပါဝင်မှုရှိပြီး ရေအရည်အသွေး မပြည့်ဝခြင်း၊ •သဲဆန်သောမြေဖြစ်နေခြင်း ကြောင့် ယင်လုံအိမ်သာများ မခိုင်ခန့်ခြင်း	နီးကပ်ခြင်း။ •တစ်နှစ်လုံး ရေထွက်လုံလောက်မှုရှိခြင်း၊		ပေးခြင်း၊ •ခါတ်ခွဲစစ်ဆေးခန်းဖွင့်လှစ်ပေးခြင်း၊ •ရေအရည်အသွေးကို ပုံမှန်စစ်ဆေးပေးခြင်း၊	•စက်ရေတွင်းများ တူးဖော်ခြင်း။ •ကျောက်ခွေများ ဖြင့်ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်း

နောက်ဆက်တွဲ (က၊၃) ထိခိုက်လွယ်မိသားစုများစာရင်း

စဉ်	အမည်	အသက်	ထိခိုက်လွယ်မှုအကြောင်းအရင်း
၁	ဒေါ်ဝင်းစိန်	၆၃	တစ်ဦးတည်း၊ လက်လုပ်လက်စား၊ အလွန်ဆင်းရဲ
၂	ဒေါ်ဆန်းဌေး	၅၀	တစ်ဦးတည်း၊ လက်လုပ်လက်စား၊ အလွန်ဆင်းရဲ
၃	ဒေါ်ငှက်မေ	၈၆	ဆင်းရဲ၊ သက်ကြီးရွယ်အို
၄	ဒေါ်ကျင်ယုံ	၇၀	ဆင်းရဲ၊ တစ်ဦးတည်းမုဆိုးမ
၅	ဒေါ်တင်စန်း	၆၀	တစ်ဦးတည်း၊ ကျောထောက်နောက်ခံမရှိ၊
၆	ဒေါ်တင်ရီ	၇၅	တစ်ဦးတည်း၊ ကျောထောက်နောက်ခံမရှိ၊
၇	ဒေါ်ငယ်	၈၂	တစ်ဦးတည်း၊ ကျောထောက်နောက်ခံမရှိ၊
၈	ဒေါ်ဂျိုး	၈၀	တစ်ဦးတည်း၊ ကျောထောက်နောက်ခံမရှိ၊
၉	ဒေါ်ခင်မြိုင်	၇၀	မုဆိုးမ၊ လက်လုပ်လက်စား
၁၀	ဒေါ်ကြည်	၆၂	တစ်ဦးတည်း၊ ဆင်းရဲ၊
၁၁	ဒေါ်သိန်းညွန့်	၆၀	တစ်ဦးတည်း၊ ဆင်းရဲ၊
၁၂	ဦးပေါ်လာ၊ ဒေါ်တင်ရွှေ	၇၉၊ ၈၁	အိုမင်းမစွမ်း၊ဆင်းရဲပြီး ကျောထောက်နောက်ခံ မရှိ၊

ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်သဘောတရား

ဤကျေးရွာဖွံ့ဖြိုးရေးလမ်းညွှန်ချက် သဘောတရားများသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလွှာအသီးသီးတွင် လုပ်ဆောင်ရာ၌ မူဝါဒ လမ်းညွှန်အဖြစ် ထုတ်ပြန်ထားသည့်ပြဌာန်းချက်များ ဖြစ်ပါသည်။ အောက်တွင် ဖော်ပြ ထားသည့် လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံအတွင်း ကျေးရွာအဆင့်တွင် လုပ်ဆောင်သည့် ဖွံ့ဖြိုးရေး ဆိုင်ရာအုပ်ချုပ်မှုစနစ်၊ စီမံခန့်ခွဲရေးတို့နှင့်သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာရှိ အားလုံးသော ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများသည် အောက်ဖော်ပြပါ လမ်းညွှန်ချက် အတိုင်း လိုက်နာရပါမည်။ ဤလမ်းညွှန်ချက်တွင် (က)ပိုင်ရှင်စိတ်ဓာတ်၊ (ခ)အများပါဝင်၍ အစီအစဉ် ရေးဆွဲခြင်း၊ (ဂ)စီးပွားရေး သဘောတရားများနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်မှ ဖြစ်ထွန်း လာမှုများ ရေရှည်တည်တံ့ ရေးစသည်တို့ပါဝင်ပါ သည်-

(က) ပိုင်ရှင်စိတ် (ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၊ စီမံကိန်းလုပ်ဆောင်မှုနှင့် လုပ်ငန်း အမျိုး အစားများ)

- ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာတမ်းပိုင်ရှင်ဖြစ်သည်။ သို့ဖြစ် ၍ မည်သည့်လုပ်ငန်းကိုမဆို ကျေးလက် လူထုအတွက် စွမ်းရည်မြှင့်တင်သည့် ဦးတည်ပါမည်။
- ထိုနည်းတူစွာ စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းနှင့် အစီအစဉ်များကို ကျေးရွာသူ / သားများ ကိုယ်တိုင်စုစည်းခြင်း၊ ဦးဆောင်ခြင်းနှင့် အကောင် အထည်ဖော်ခြင်း တို့ ပြုလုပ်ရပါမည်။ နည်းပညာ၊ ငွေကြေးနှင့် ပစ္စည်းအကူအညီ စသည်ဖြင့် ပြင်ပ အကူအညီမှန်သမျှသည် သက်ဆိုင်ရာလူထုအစုအဖွဲ့မှ တဆင့်သာ ကျေးရွာ လူထုထံ ရောက်ရပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ သေချာရေရာစေရေးအတွက် ရွာသူရွာ သားများ တာဝန်ခံမှု ရှိစေရန်အတွက် သူတို့ကိုယ်တိုင်ဦးဆောင်ခြင်း၊ တက်ကြွစွာပါဝင် ဆောင်ရွက်ခြင်း၊ မျှတသင့်တင့်သည့်နှုန်းထားခြင်း၊ ငွေကြေး လုပ်အားနှင့် ပစ္စည်း ထည့်ဝင်ခြင်း စသည်တို့ ပြုလုပ်ရပါမည်။

(ခ) ရွာသူ/သားများ ပါဝင်ရေးဆွဲသောဖွံ့ဖြိုးရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် လူတန်းစားပေါင်းစုံ ဆင်းရဲချမ်းသာ မရွေး ထိရောက်စွာ ပူးပေါင်းပါဝင်လုပ်ဆောင်ရန်အတွက် လုပ်နည်းလုပ်ဟန်များ၊ သင့်တော် သည့်လုပ်ငန်းစဉ်များကို ချမှတ်လုပ်ကိုင်ရပါမည်။
- စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းများ ရေးဆွဲခြင်း၊ လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တိုးတက်ဖြစ်ထွန်းမှုမှ ထွက်ပေါ်လာသော အကျိုး ရလဒ်များစသည်တို့တွင် သမမျှတစွာစဉ်းစားရပါမည်။ သမမျှတစွာစဉ်းစားခြင်း တွင်
  - လူမှုရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များ နှင့် အခွင့်အလမ်းများ ကို သာတူညီမျှ ရရှိစေရမည်။
  - လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး မြန်မာလူမျိုးတိုင်း ဖွံ့ဖြိုးရေး အခွင့်အလမ်း များနှင့် ပံ့ပိုးမှုတို့ကို သာတူညီမျှ ရှိစေရမည်။
  - ကျား/မဆိုင်ရာ အမြင်သဘောထားများကို လူမှုရေး၊ စီးပွားရေး နှင့် ကောင်းမွန်သောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် ထည့်သွင်း ရပါမည်။
  - ကိုယ်အင်္ဂါချို့တဲ့သူများ၊ စိတ်မကျန်းမာသူများအတွက် အထူးစဉ်းစား ရပါမည်။
  - မသန်စွမ်းသူများအနေနှင့် လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် အပြည့် အဝပါဝင်နိုင်ခွင့် မရရှိနိုင်ကြပါ။ ဤသို့သောအခြေအနေတွင် ကျင့်သုံးသည့် မူဝါဒနှင့် ပံ့ပိုးမှုအစီအစဉ်ကို ထိုသူများအတွက် ညီညွတ် မျှတစွာရရှိရန် ပြုပြုင်ပေးရပါမည်။
  - ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်လုပ်ငန်းများသည်ရွာ၏စည်းလုံးညီညွတ်ခြင်း နှင့် တစ်သားတည်းဖြစ်ခြင်းကို တိုးတက်စေရပါမည်။

(ဂ) စီးပွားရေးနှင့်ဆိုင်သော အခြေခံမူ

- အမျိုးသားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒတို့နှင့်အညီ ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်နှင့် ဆောင်ရွက်မှုများသည် လူမျိုးစုံ၊ အလွှာစုံ ပြည်သူအားလုံး ပါဝင်၍ စျေးကွက်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက် စေရန်ဖြစ်သည်။

- ဈေးကွက်ပျက်သည့် အခြေအနေမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် နှင့်အတူ ဈေးကွက်ပျက်ယွင်းရသည့် အကြောင်းတရားများကို ဖော်ထုတ်ရန် ဆန်းစစ်လေ့လာအကဲဖြတ်ခြင်းလုပ်ငန်းများကို ပြုလုပ် ရပါမည်။
- ကျေးလက်ရှိ အိမ်ထောင်စုတစ်ခုချင်းစီ၏ စီးပွားရေးအခြေအနေသည် ရွာလူထု၏ အသက်မွေးဝမ်းကြောင်းနှင့် သာယာဝပြောရေးကို ထင်ဟပ်ပုံဖော် ပေးပါသည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းအားဖြင့် ဆင်းရဲသူနှင့် မဆင်းရဲ သူကြား အပြန်အလှန်ဆက်နွယ်မှုကို ပိုမိုကောင်းမွန်စေ၍ ရွာ၏လူထု စွမ်းအားကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲသားအိမ်ထောင်စုများအတွက် ရည်ရွယ်၍ စီးပွားရေး နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အပုံအပိုးများကို ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်ထည့် သွင်းထားသော်လည်း ဆင်းရဲသူနှင့် မဆင်းရဲသူ အကြား၊ မတူသည့် လူမှုရေး အလွှာအချင်းချင်း အကြားအပြန်အလှန် အမှီသဟဲပြုမှုဖြစ်စဉ်ကို မထိခိုက်စေပါ။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးသွင်းအားစုပစ္စည်းများ၊ စိုက်ပျိုးထွက်ကုန်များ ရောင်းဝယ်ရေးတွင် ပုဂ္ဂလိကပါဝင်မှုကိုအားပေးပါသည်။
- ရွာအဆင့် ဖွံ့ဖြိုးရေးအကူအညီများအတွက် ပုဂ္ဂလိကကဏ္ဍ၏စွမ်းဆောင်မှုကို အသုံးပြု၍ အားပေးပါမည်။ အထူးသဖြင့်
- သင်တန်းအပါအဝင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးရာတွင် ပုဂ္ဂလိက ကဏ္ဍ၏ယှဉ်ပြိုင်ပါဝင်လာမှုကို အသုံးပြုပါမည်။
- ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျေးရွာ၏ စီးပွားရေးကဏ္ဍ တိုး တက်ရေး အတွက် လိုအပ်သော နည်းပညာအပါအဝင် ဝန်ဆောင် မှုများ၊ ထုတ်လုပ်မှုများ ပြုလုပ်ရာတွင် စမ်းသပ် အတည်ပြုပြီးဖြစ်သော စီးပွားရေးလုပ်နည်း၊ လုပ်ဟန်တို့ကို အသုံးပြုခြင်းနှင့် တီထွင် ဆန်း သစ်ခြင်းတို့ကို ပြုလုပ်ရန် အားပေးပါမည်။
- ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုစွမ်းရည်၊ ထုတ်လုပ်မှုတိုးရန်အတွက် နည်းပညာစွမ်းရည်စသည့် ဖွံ့ဖြိုးရေး အထောက်အကူများကို တိုးချဲ့ပံ့ပိုးပါမည်။
- စိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကနှင့် နိုင်ငံတော်အစိုးရ မိတ်ဖက်ပြု ဆောင်ရွက်ခြင်းများကို မြှင့်တင်ရပါမည်။

(ဃ) ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲရေး၊ လုပ်ငန်းများ ဆောင်ရွက် ပြီးစီးပါက ရရှိလာမည့် အကျိုးရလဒ်နှင့် အကျိုးဆက် များအတွက် ရှင်းလင်း တိကျသည့် နည်းဗျူဟာများ ရှိရပါမည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများဆက်လက် ဆောင်ရွက်ရာတွင် အောက်ပါ အချက် များကို ထည့်သွင်း စဉ်း စားရမည်-
- စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်မြင်ရန် လုံလောက်သော ငွေကြေး နှင့်သွင်း အား စုပစ္စည်းအထောက်အပံ့များ၊
- ကျေးရွာလူထု၏ စွမ်းရည်မြှင့်တင်ခြင်းနှင့် စီမံကိန်း လုပ်ငန်းများ အကောင်ထည်ဖော်ရာတွင် ကျေးရွာမှ တစ်စတစ်စ တာဝန်တိုးယူလာနိုင်စေရန် အစီစဉ်များ ချမှတ်ခြင်းစသည့် စီမံကိန်းထွက်ခွာဗျူဟာကို ထိရောက်စွာ စီစဉ်ဆောင်ရွက် ရပါမည်၊
- လုပ်ငန်းရှေ့ဆက်သွားမည့်အစီအစဉ်တွင်ဆင်းရဲသားမိသားစုများအတွက် မြို့နယ် ဦးစီးဌာနများမှ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းနှင့် ဝန်ဆောင်မှုများ ဆက်လက်ရရှိရန် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့် အစီအစဉ်များ၊
- ကျေးရွာလူထု၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေပြီး အစိုးရ အဖွဲ့အစည်း နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ရရှိသော ဝန်ဆောင်မှုနှင့် အထောက်အပံ့များ ကိုဆက်လက်၍ ကာလကြာ ရှည်စွာရရှိရန်၊
- အကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရလဒ်နှင့် အကျိုး သက်ရောက်မှုများ ရေရှည်တည်တံ့ခိုင်မြဲရန် ဥပမာ -
- ကျေးရွာ အတွင်း အခြေခံအဆောက်အဦး၊ လမ်း၊ တံတား၊ ဆိပ်ခံတံတားနှင့် ရေကန်များ ရေရှည်တည်တံ့ရန်အတွက် စုစည်း ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရွာမှငွေကြေးထည့်ဝင်ခြင်း စသည့် ပြုပြင်ထိန်းသိမ်းမှု အစီအစဉ်များ ချမှတ် ဆောင် ရွက်ခြင်းများ၊
- ကျေးရွာစပါးဘဏ်၊ ငွေစုငွေချေးအသင်းအဖွဲ့၊ ကျေးရွာဈေး၊ ကျေးရွာဆေးဆိုင် နှင့် အခြားစီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အဦး၊ ပစ္စည်းအသုံး အ ဆောင်များ ထိထိရောက်ရောက် လည်ပတ်လုပ်ဆောင်ရန်နှင့် ကြာရှည် တည်မြဲအောင် ပြုပြင်ထိန်း သိမ်းရာတွင် စုစည်းဆောင်ရွက်ခြင်းနှင့် အစီအစဉ်များ ချမှတ်ခြင်း၊

- သဘာဝအရင်းအမြစ်များ ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ အသုံးပြုရာတွင် မှန်မှန်ကန်ကန်အကျိုးရှိရှိ အသုံးပြုခြင်းနှင့်ဆိုင်သော စီမံခန့်ခွဲမှု။

အပိုင်း (ခ)
စီမံကိန်းလုပ်ငန်းဆိုင်ရာအချက်အလက်များ

စီမံချက်လုပ်ငန်း - ၁

ကျေးရွာ။ ။ပြောင်ခေါင်းကြီးကျေးရွာ

ကျေးရွာအုပ်စု ။ ။ ပြောင်ခေါင်းကြီးကျေးရွာ အုပ်စု

မြို့နယ် ။ ။ လယ်ဝေးမြို့နယ်

တိုင်းဒေသကြီး / ပြည်နယ်။ ။ နေပြည်တော်ကောင်စီနယ်မြေ

လုပ်ငန်းခေါင်းစဉ်။ ။<u>**တံတားနှင့်ရေပြွန်များတည်ဆောက်ပေးခြင်း**</u>

လုပ်ငန်းရည်ရွယ်ချက်။ ။ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာထုတ်ကုန်များကိုအချိန်မီရောင်းချနိုင်ကာဖွံ့ဖြိုးတိုးတက်လာစေရန်။

လုပ်ငန်းအကြောင်းအရာ။ ကျေးရွာ၏အရှေ့ဘက်ခြမ်းမှ ရွာဇရိယာနှင့် ကားလမ်းသို့ သွားသည့် ကျောက်ခင်းလမ်းတို့အကြား ရေနီချောင်းဖြတ်သန်း စီးဆင်းနေသဖြင့် မိုးရာသီအတွင်းတွင် သွားရလာရခက်ခဲတတ်ပါသည်။ လယ်ယာလုပ်ငန်းခွင်သို့သွားရောက်ရန် သစ်သားတံတားတစ်စင်းကို ရွာထည့်ဝင်မှုဖြင့် ဆောက်လုပ်ထားကြသော်လည်း ယာဉ်များဖြတ်သန်းမသွားနိုင်ပါ။ နေ့တစ်ဝက်ခရီး သွားလာကြသူများအတွက် အထူးသဖြင့် အမျိုးသမီးများနှင့် ကျောင်းသားလူငယ်များအတွက် မိုးရာသီတွင် အန္တရာယ်ရှိတတ်ပါသည်။ အဆိုပါချောင်း အကျယ်မှာ ပေ တစ်ရာဝန်းကျင်ရှိသော်လည်း အနက်မှာ ရေပြည့်ချိန်တွင် ဆယ်ပေဝန်းကျင်ရှိပါသည်။ မိုးရာသီနောက်ပိုင်းတွင် ရေအနက်မှာ တဖြည်းဖြည်းလျော့ဆင်းသွားပါသည်။ ရေနီချောင်းကူးတံတားအပြင် ကျောက်ခင်းလမ်းတွင် အခြားတံတားအငယ်တစ်စင်းနှင့် ကွန်ကရစ်ရေပြွန်သုံးခုကိုလည်း ခိုင်မာစွာတည်ဆောက်နိုင်ပါက ကျောက်ခင်းလမ်း မှတဆင့် ကတ္တရာလမ်းသို့ တိုက်ရိုက်ရောက်ရှိနိုင်ပါမည်။ ထိုသို့တည်ဆောက်ပေး နိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစစအရာရာ အထောက်အကူပြုစေပါမည်။

အကျိုးခံစားခွင့်ရှိသူများ။ ။ ကျေးရွာမှ အိမ်ထောင်စုအားလုံးအပြင် အနီးဝန်းကျင်မှ ကျေးရွာအချို့အတွက်ပါ သွားရေးလာရေး အဆင်ပြေစေနိုင်ပါမည်။

လုပ်ငန်းရလာဒ်	**ဆောင်ရွက်ချက်**
တံတား၊ရေပြွန်တည်ဆောက်ရေးအစီအစဉ်	•ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကျင်းပခြင်း၊ • ကျေးရွာမှထည့်ဝင်ရမည့်အတိုင်းအတာကို အများသဘောတူညီချက်ရယူခြင်း၊

လုပ်ငန်းရလာဒ်	ဆောင်ရွက်ချက်
	•အသေးစိတ်လုပ်ငန်းအစီအစဉ်ကို ရေးဆွဲခြင်း၊
လုပ်ငန်းကုန်ကျမှု အသေးစိတ် ဘတ်ဂျက်	•အင်ဂျင်နီယာနှင့် တိုင်းတာတွက်ချက်ခြင်း၊ • ဆောက်လုပ်ရေးလုပ်ငန်းဆပ်ကော်မီတီမှ ပူးပေါင်းဆောင်ရွက်ပေးခြင်း၊
အကူအညီပေးမည့်အဖွဲ့နှင့် သဘောတူညီချက်ရယူခြင်း	•ငွေကြေးနှင့် နည်းပညာအကူအညီပေးမည့် အဖွဲ့အစည်းကို ရှာဖွေချိတ်ဆက်ခြင်း၊ • လုပ်ငန်းအဆိုပြုလွှာတင်ပြခြင်း၊
တံတား(၂)စင်း၊ ရေပြွန်(၃)ခု ဆောက်လုပ်ပြီးစီးခြင်း၊	•ဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ • ဒေသထွက်ပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ • လက်သမား၊ပန်းရံဂျိုးရမ်းခြင်း၊ • လုပ်ငန်းစတင်ဆောင်ရွက်ခြင်း၊ • လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံခြင်း၊

၆။ လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး

စဉ်	ပစ္စည်း	အရေအတွက်	နှုန်း (ကျပ်)	သင့်ငွေ (ကျပ်)	ကျေးရွာထည့်ဝင်မှု	ပြင်ပမှထည့်ဝင်မှု
၁	အုတ်ခဲ	၆၀၀၀၀	၅၂	၃၁၂၀၀၀၀	–	၃၁၂၀၀၀၀
၂	ဘိလပ်မြေအိတ်	၆၀၀	၇၀၀၀	၄၂၀၀၀၀၀	–	၄၂၀၀၀၀၀
၃	သဲကျင်း	၂၈	၁၅၀၀၀	၄၂၀၀၀၀	၄၂၀၀၀၀	–
၄	ကျောက်ငါးမူး(ကျင်း)	၁၄	၆၀၀၀၀	၈၄၀၀၀၀	–	၈၄၀၀၀၀
၅	ခြောက်မူးသံချောင်း	၁၄၀	၁၁၀၀၀	၁၅၄၀၀၀၀	–	၁၅၄၀၀၀၀
၆	ပျဉ် (၃–၂)လက်မ	၂၀	၃၆၀၀၀	၇၂၀၀၀၀	–	၇၂၀၀၀၀
၇	ပျဉ်(၆–၁)လက်မ	၂၀	၃၀၀၀၀	၆၀၀၀၀၀	–	၆၀၀၀၀၀
၈	ရိုက်သံ၊သွပ်ကြိုး		၄၀၀၀၀	၄၀၀၀၀	–	၄၀၀၀၀
၉	မြေလိုင်းကျင်းတူး		၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀	–
၁၀	အုတ်သယ်အုတ်ချ		၆၄၀၀၀	၆၄၀၀၀	၆၄၀၀၀	–
၁၁	အုတ်ကားသယ်		၂၂၀၀၀၀	၂၂၀၀၀၀	–	၂၂၀၀၀၀
၁၂	ဘိလပ်မြေသယ်		၁၄၀၀၀၀	၁၄၀၀၀၀	–	၁၄၀၀၀၀
၁၃	ပန်းရံရေဖြည့်		၈၀၀၀၀	၈၀၀၀၀	၈၀၀၀၀	–
၁၄	ပျဉ်သယ်		၄၄၀၀၀	၄၄၀၀၀	၄၄၀၀၀	–

စဉ်	ပစ္စည်း	အရေအတွက်	နှုန်း (ကျပ်)	သင့်ငွေ (ကျပ်)	ကျေးရွာထည့်ဝင်မှု	ပြင်ပမှထည့်ဝင်မှု
၁၅	ပန်းရံလက်ခ		၂၉၂၀၀၀	၂၉၂၀၀၀	–	၂၉၂၀၀၀
	ပေါင်း			**၁၅၀၀၈၀၀၀**	**၆၆၈၀၀၀**	**၁၄၃၄၀၀၀**
	ရေပြွန်တပ်ဆင်ခြင်း					
	ရေပြွန်	၃	၂၅၀၀၀	၇၅၀၀၀	–	၇၅၀၀၀
	ရေပြွန်သယ်ယူခ	၃	၉၀၀၀	၉၀၀၀	၉၀၀၀	–
	လိုင်းကျင်းတူးခြင်း	၃	၅၀၀၀	၁၅၀၀၀	၁၅၀၀၀	–
	ရေပြွန်တပ်ဆင်ခြင်း			**၉၉၀၀၀**	**၂၄၀၀၀**	**၇၅၀၀၀**
	စုစုပေါင်း			**၁၅၉၉၈၀၀၀**	**၉၀၈၀၀**	**၁၅၀၉၀၀၀**

၇။အကောင်အထည်ဖော်မည့်အစီအစဉ်

လုပ်ငန်းစတင်မည့်ရက်	ခွင့်ပြုငွေကျပြီး တစ်ပါတ်အတွင်း
လုပ်ငန်းပြီးစီးရန်ခန့်မှန်းရက်	အကောင်အထည်ဖော်ပြီး တစ်လခွဲအတွင်း
တာဝန်ယူမည့်အဖွဲ့အစည်း	ဆောင်လုပ်ရေးလုပ်ငန်းဆပ်ကော်မီတီ
ကျေးရွာမှထည့်ဝင်မှု	သဲ၊ ကျောက်၊ လုပ်အား
အရှည်တည်တန့်မည့်အစီအစဉ်	ကျေးရွာဖွံ့ဖြိုးရေးကော်မီတီမှ ဦးစီးပြီး ရွာရှိအိမ်ထောင်စုများမှ ငွေကြေး ကောက်ခံကာ အစဉ်ပြုပြင်ထိမ်းသိမ်း သွားမည်။
ငွေစာရင်းရှင်းလင်းခြင်းနှင့် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံခြင်း	သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းများသို့ ငွေစာရင်းရှင်းတမ်းပြုစုပေးပို့သွားပြီး ကျေးရွာတွင်လည်း မြင်သာသော နေရာတွင် ကပ်ထားပေးမည်။

စီမံချက်(၂)လုပ်ငန်းဆိုင်ရာအချက်အလက်များ

စီမံချက်လုပ်ငန်း - ၂

ကျေးရွာ။ ။ပြောင်ခေါင်းကြီးကျေးရွာ

ကျေးရွာအုပ်စု ။ ။ ပြောင်ခေါင်းကြီးကျေးရွာ အုပ်စု

မြို့နယ် ။ ။ လယ်ဝေးမြို့နယ်

တိုင်းဒေသကြီး / ပြည်နယ်။ ။ နေပြည်တော်ကောင်စီနယ်မြေ

လုပ်ငန်းခေါင်းစဉ်။ ။<u>**ငွေကြေးအရင်းအနှီးပံ့ပိုးခြင်း**</u>

လုပ်ငန်းရည်ရွယ်ချက်။ အရင်းအနှီးနည်းပါးသူဆင်းရဲသော အိမ်ထောင်စုများ အတွက် အရင်း အနှီးပြုနိုင်ပြီး ဝင်ငွေတိုးတက်လာစေရန်။

လုပ်ငန်းအကြောင်းအရာ။ ။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများသည် မိမိတို့ ဝင်ငွေရလုပ်ငန်းများကို ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးမှုကြောင့် လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် နိုင်စွမ်းအားနည်းကြပါသည်။ လုပ်ငန်းအများစုမှာ တနိုင်တပိုင်ဝက်မွေးမြူခြင်း၊ ကြက်မွေးမြူခြင်း၊ မိုးစပါး၊ မိုးနှမ်းစိုက်ပျိုးခြင်း၊ ဈေးအရောင်းအဝယ်လုပ်ငန်းများ စသည်တို့ ဖြစ်ကြပါသည်။ အဆိုပါလုပ်ငန်းများကို အစပြုတည်ထောင်လိုသူများ၊ တိုးချဲ့ဆောင်ရွက်လိုသူများအတွက် အရင်းအနှီးငွေများ မတည်ပံ့ပိုးပေးနိုင်ပါက ဈေးကွက်ဝယ်လိုအားကောင်းသောအရပ်ဒေသတွင် တည်ရှိသည့် အားသာချက်ကြောင့် ဝင်ငွေတိုးတက်ရရှိစေနိုင်ဘွယ်ရှိပါသည်။ ထိုမှတဆင့် ဝမ်းစာ ဖူလုံမှုတိုးတက်ရရှိစေကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အထောက် အကူပြုစေပါမည်။

အကျိုးခံစားခွင့်ရှိသူများ။ ။ ကျေးရွာမှ ဆင်းရဲသောအိမ်ထောင်စု(—) စု၊

လုပ်ငန်းရလာဒ်	**ဆောင်ရွက်ချက်**
အရင်းအနှီးထုတ်ပေးရေး အစီအစဉ်	•ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကျင်းပခြင်း၊ • ကျေးရွာမှထည့်ဝင်ရမည့်အတိုင်းအတာကို အများသဘောတူညီချက်ရယူခြင်း၊ •အသေးစိတ်လုပ်ငန်းအစီအစဉ်ကို ရေးဆွဲခြင်း၊
လုပ်ငန်းကုန်ကျမှု အသေးစိတ် ဘတ်ဂျက်	•သက်ဆိုင်သူများနှင့် တွက်ချက်ခြင်း၊ •အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မတီမှ ပူးပေါင်းဆောင်ရွက်ပေးခြင်း၊
အကူအညီပေးမည့်အဖွဲ့နှင့်	•ငွေကြေးနှင့် နည်းပညာအကူအညီပေးမည့်

သဘောတူညီချက်ရယူခြင်း	အဖွဲ့အစည်းကို ရှာဖွေချိတ်ဆက်ခြင်း၊ • လုပ်ငန်းအဆိုပြုလွှာတင်ပြခြင်း၊
တံတား(၂)စင်း၊ ရေပြွန်(၃)ခု ဆောက်လုပ်ပြီးစီးခြင်း၊	•အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ • ဒေသထွက်ပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ • လိုအပ်ပစ္စည်းစုဆောင်းခြင်း၊ • လုပ်ငန်းစတင်ဆောင်ရွက်ခြင်း၊ • လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံခြင်း၊

၆။ လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး

စဉ်	ပစ္စည်း	အရေအတွက်	နှုန်း (ကျပ်)	သင့်ငွေ (ကျပ်)	ကျေးရွာထည့်ဝင်မှု	ပြင်ပမှထည့်ဝင်မှု
၁						
၂						
၃						
၄						
	စုစုပေါင်း					

၇။ အကောင်အထည်ဖော်မည့်အစီအစဉ်

လုပ်ငန်းစတင်မည့်ရက်	ခွင့်ပြုငွေကျပြီး တစ်ပါတ်အတွင်း
လုပ်ငန်းပြီးစီးရန်ခန့်မှန်းရက်	အကောင်အထည်ဖော်ပြီး တစ်လခွဲအတွင်း
တာဝန်ယူမည့်အဖွဲ့အစည်း	သက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မီတီ
ကျေးရွာမှထည့်ဝင်မှု	ဒေသထွက်ပစ္စည်း၊ လုပ်အား

အရှည်တည်တန့်မည့်အစီအစဉ်	ကျေးရွာဖွံ့ဖြိုးရေးကော်မီတီမှ ဦးစီးပြီး ဆောက်လုပ်ရေးဆပ်ကော်မီတီနှင့် လက်တွဲကာ ကျေးရွာမှ တောင်သူများ၊ စေတနာရှင်များထံမှ အလှူငွေကောက်ခံပြီး လမ်းပြုပြင်ထိန်းသိမ်းရေးကို ဆောင်ရွက်သွားမည်။ ငွေစာရင်းရှင်းတမ်းများကိုလည်း ပွင့်လင်းမြင်သာမှုအတွက် အချိန်မီထုတ်ပြန်ကြေငြာပေးမည်။
ငွေစာရင်းရှင်းလင်းခြင်းနှင့် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံခြင်း	သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းများသို့ ငွေစာရင်းရှင်းတမ်းပြုစုပေးပို့သွားပြီး ကျေးရွာတွင်လည်း မြင်သာသော နေရာတွင် ကပ်ထားပေးမည်။

စီမံချက်(၃)လုပ်ငန်းဆိုင်ရာအချက်အလက်များ

စီမံချက်လုပ်ငန်း - ၃

ကျေးရွာ။ ။ပြောင်ခေါင်းကြီးကျေးရွာ

ကျေးရွာအုပ်စု ။ ။ ပြောင်ခေါင်းကြီးကျေးရွာ အုပ်စု

မြို့နယ် ။ ။ လယ်ဝေးမြို့နယ်

တိုင်းဒေသကြီး / ပြည်နယ်။ ။ နေပြည်တော်ကောင်စီနယ်မြေ

လုပ်ငန်းခေါင်းစဉ်။ ။**<u>ကျောက်ချောလမ်းပြုပြင်ခြင်း</u>**

လုပ်ငန်းရည်ရွယ်ချက်။ ရာသီမရွေးလမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာထုတ်ကုန်များကို အချိန်မီရောင်းချနိုင်ကာ ဖွံ့ဖြိုးတိုးတက်လာစေရန်။

လုပ်ငန်းအကြောင်းအရာ။ ။ကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာတွင် နေပြည်တော်၊ သာဝတ္ထိတို့သို့ဆက်သွယ်ထားသည့် ကတ္တရာလမ်းရှိပါသည်။ ထိုလမ်းကို ကျေးရွာမှ ကျောက်ခင်းလမ်းကြမ်းဖြင့် ဆက်သွယ်ထားပါသည်။ မြေသားအခံလမ်းပေါ်တွင် ကျောက်တုံးငယ်များဖြင့် လမ်းတစ်ဝက်ကို ခင်းထားသောလမ်းဖြစ်ပါသည်။ အရှည်မှာ တစ်မိုင်ခွဲခန့်၊ အကျယ်မှာ ၁၆ ပေခန့် ရှိပါသည်။ လမ်းမှာ လမ်းကြမ်းဖြစ်နေသဖြင့် ယာဉ်အသွားအလာမှာ မဖြောင့်ဖြူးပါ။ ထိုကျောက်ခင်းလမ်းကို ၁၆ ပေအပြည့်ဖြင့် ကျောက်ချောလမ်းအဖြစ် ခိုင်မာစွာတည်ဆောက်နိုင်ပါက ကျောက်ခင်းလမ်း မှတဆင့် ကတ္တရာလမ်းသို့ ဖြောင်ဖြူးစွာ မောင်းနှင်သွားလာနိုင်ပါမည်။ ထိုသို့တည်ဆောက်ပေးနိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစစအရာရာ အထောက်အကူပြုစေပါမည်။

အကျိုးခံစားခွင့်ရှိသူများ။ ။ ကျေးရွာမှ အိမ်ထောင်စုအားလုံးအပြင် အနီးဝန်းကျင်မှ ကျေးရွာအချို့အတွက်ပါ သွားရေးလာရေး အဆင်ပြေစေနိုင်ပါမည်။

လုပ်ငန်းရလာဒ်	ဆောင်ရွက်ချက်
ကျောက်ချောလမ်း တည်ဆောက်ရေး အစီအစဉ်	•ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကျင်းပခြင်း၊ • ကျေးရွာမှထည့်ဝင်ရမည့်အတိုင်းအတာကို အများသဘောတူညီချက်ရယူခြင်း၊ •အသေးစိတ်လုပ်ငန်းအစီအစဉ်ကို ရေးဆွဲခြင်း၊
လုပ်ငန်းကုန်ကျမှု အသေးစိတ်	•သက်ဆိုင်သူများနှင့် တွက်ချက်ခြင်း၊

ဘတ်ဂျတ်	•အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မတီမှ ပူးပေါင်းဆောင်ရွက်ပေးခြင်း၊
အကူအညီပေးမည့်အဖွဲ့နှင့် သဘောတူညီချက်ရယူခြင်း	•ငွေကြေးနှင့် နည်းပညာအကူအညီပေးမည့် အဖွဲ့အစည်းကို ရှာဖွေချိတ်ဆက်ခြင်း၊ • လုပ်ငန်းအဆိုပြုလွှာတင်ပြခြင်း၊
ကျောက်ချောလမ်း (၂)ကီလိုမီတာအရှည် ခင်းကျင်းမှုပြီးစီးခြင်း၊	•အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ • ဒေသထွက်ပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ • လိုအပ်ပစ္စည်းစုဆောင်းခြင်း၊ • လုပ်ငန်းစတင်ဆောင်ရွက်ခြင်း၊ • လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံခြင်း၊

၆။ လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး

စဉ်	ပစ္စည်း	အရေအတွက်	နှုန်း (ကျပ်)	သင့်ငွေ (ကျပ်)	ကျေးရွာထည့်ဝင်မှု	ပြင်ပမှထည့်ဝင်မှု
၁						
၂						
၃						
၄						
	စုစုပေါင်း					

၇။ အကောင်အထည်ဖော်မည့်အစီအစဉ်

လုပ်ငန်းစတင်မည့်ရက်	ခွင့်ပြုငွေကျပြီး တစ်ပါတ်အတွင်း
လုပ်ငန်းပြီးစီးရန်ခန့်မှန်းရက်	အကောင်အထည်ဖော်ပြီး တစ်လခွဲအတွင်း
တာဝန်ယူမည့်အဖွဲ့အစည်း	သက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မီတီ
ကျေးရွာမှထည့်ဝင်မှု	ဒေသထွက်ပစ္စည်း၊ လုပ်အား
အရှည်တည်တန့်မည့်အစီအစဉ်	ကျေးရွာဖွံ့ဖြိုးရေးကော်မီတီမှ ဦးစီးပြီး ဆောက်လုပ်ရေးဆပ်ကော်မီတီနှင့် လက်တွဲကာ ကျေးရွာမှ တောင်သူများ၊ စေတနာရှင်များထံမှ အလှူငွေကောက်ခံပြီး လမ်းပြုပြင်ထိန်းသိမ်းရေးကို ဆောင်ရွက်သွားမည်။ ငွေစာရင်းရှင်းတမ်းများကိုလည်း ပွင့်လင်းမြင်သာမှုအတွက် အချိန်မီထုတ်ပြန်ကြေငြာပေးမည်။
ငွေစာရင်းရှင်းလင်းခြင်းနှင့် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံခြင်း	သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းများသို့ ငွေစာရင်းရှင်းတမ်းပြုစုပေးပို့သွားပြီး ကျေးရွာတွင်လည်း မြင်သာသော နေရာတွင် ကပ်ထားပေးမည်။